မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၇၆)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ တက်ရောက်ကြည်ညို ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၅

ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီ ၁၅ မိနစ်က နေပြည်တော်ရှိ အနော်ရထာခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း — အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)

တိုင်းရင်းသားပြည်သူများအတွက် အကျိုးမဲ့လုပ်ရပ်ကိုကန့်ကွက်

အနောက်အုပ်စု အင်အားကြီးနိုင်ငံအချို့နှင့် ပြည်တွင်းပြည်ပ အဖျက်သမားများသည် သတင်းမှားကို ပြုပြင်ပုံကြီးချဲ့ခြင်းအားဖြင့်လည်းကောင်း၊ ဆန့်ကျင်ဘက်အဖွဲ့များ၏ လုပ်ကြံဖန်တီးထားသောသတင်းများနှင့် ပေါင်းစပ်ခြင်းဖြင့်လည်းကောင်း မြန်မာနိုင်ငံအပေါ် ဝေဖန်စွပ်စွဲပုတ်ခတ်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို တည်ဆောက်ပေးနိုင်ခဲ့၍ လူမျိုးစုများနေထိုင်ရာ ဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှုများကို သိသာထင်ရှားစွာ မြင်တွေ့နိုင်ကြပြီဖြစ်သည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အနီးကပ်ပူးပေါင်းလျက် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် တစိုက်မတ်မတ်ဆောင်ရွက်နေသည်ကို မျက်ကွယ်ပြုပြီး မူးယစ်ဆေးဝါးအန္တရာယ်အရှိဆုံး တိုင်းပြည်များစာရင်းတွင် မြန်မာနိုင်ငံကို ထည့်သွင်းထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂတို့မှ ကျွမ်းကျင်သူများ၏ ''HIV ပိုးကူးစက်ပြန့်ပွားမှု ခန့်မှန်းတွက်ချက်မှုအရ မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့ထက် HIV/AIDS ဖြစ်ပွားမှုနှုန်းလျော့ကျလျက်ရှိသော်လည်း ပြည်တွင်းပြည်ပအဖျက်သမားများက ဒေသတွင်း HIV/AIDS ရောဂါ ဖြစ်ပွားမှုနှုန်းမြင့်မားနေကြောင်း စိုးရိမ်စရာနိုင်ငံအဖြစ် အခြေအမြစ်မရှိ စွပ်စွဲခဲ့ကြသည်။

အမေရိကန်နိုင်ငံခြားရေးဌာနက အမေရိကန်ကွန်ဂရက်၏ လူကုန်ကူးသူများ ကာကွယ်မှုအက်ဥပဒေနှင့် ညီညွတ်မှုမရှိသည့် နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံကို အဆင့်(၃) သတ်မှတ်၍ Sanction ချမှတ်ခဲ့သဖြင့် မြန်မာနိုင်ငံရှိ စက်ရုံအလုပ်ရုံများ၏ ထုတ်ကုန်များ ပြည်ပတင်ပို့ခွင့် ပိတ်ပင်ခြင်းခံခဲ့ရသည်။ စက်ရုံများပိတ်ရသဖြင့် အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။ အမျိုးသမီးငယ်များ လူကုန်ကူးမှု သားကောင်ဘဝ ကျရောက်မည့်အန္တရာယ်ကို ကြုံတွေ့နေရသဖြင့် ဒေသဆိုင်ရာအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက အထူးအစီအစဉ်များ ချမှတ်၍ ပညာပေး ကာကွယ်တားဆီးလျက်ရှိသည်။

မြန်မာနိုင်ငံအပေါ် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ စွပ်စွဲချက်များသည် အခြေအမြစ်မရှိသည့်သတင်းများ၊ မဟုတ်မမှန် ဖော်ပြချက်များအပေါ် အားပြုကိုးကားထားခြင်းသာဖြစ်ပြီး အာဏာရယူလိုသူ ပြည်တွင်းပြည်ပအဖျက်သမားများနှင့် နောက်ကွယ်မှ ကြိုးကိုင်သူများ၏ လုပ်ကြံဖန်တီးမှုများသာ ဖြစ်သကဲ့သို့ မြန်မာတိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အကျိုးမဲ့လုပ်ရပ်ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် တစိုက်မတ်မတ် ကန့်ကွက်ရှုတ်ချသွားမည်သာ ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းသိမ်းကာကွယ်ရေး တရုတ်–အီတလီ ပူးပေါင်းဆောင်ရွက်

ပေကျင်း ဇူလိုင် ၅

တရုတ်နှင့်အီတလီသည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေးစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်မှုကို နောက်ထပ်တိုး၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး ညွှန်ကြားမှုအဖွဲ့(အက်စ်အီးပီအေ)မှ ညွှန်ကြားရေးမှူး ကျူရှန်ရှန်းက ဇူလိုင် ၄ ရက်၌ ပြောကြားသည်။

၂၀၀၀ ပြည့်နှစ်ကတည်းက တရုတ်–အီတလီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ကိစ္စရပ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများသည် အောင်မြင်မှုများ ရရှိခဲ့ကြောင်း ကျူက တရုတ်–အီတလီ အစိမ်းရောင် ရက်သတ္တပတ် ဖိုရမ် ဖွင့်ပွဲ အခမ်းအနား၌ ပြောကြားလိုက်သည်။

ပေးအပ်

သဘာဝပတ်ဝန်းကျင်စီမံကိန်း ၅၀ ကျော်အတွက် ထောက်ပံ့ရေးရန်ပုံငွေအဖြစ် အီတလီသည် တရုတ်နိုင်ငံသို့ ယူရိုငွေ ၁၆၂ သန်းပေးအပ်ခဲ့သည်။

ပြောကြား

ထို့အပြင် သဘာဝအရင်းအမြစ်များကာကွယ်ထိန်းသိမ်းခြင်း၊ စွမ်းအင်ပြည့်စုံလုံလောက်မှုနှင့် အသစ်ပြုလုပ်သော စွမ်းအင်၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေသောအရာများကို လျှော့ချခြင်းနှင့် ပပျောက်အောင် ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကိုလေ့လာစောင့်ကြည့်ခြင်း၊ ခိုင်မြဲသောစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု၊ ရေအရင်းအမြစ်စီမံခန့်ခွဲနိုင်မှုများသည် လက်ဆုပ်လက်ကိုင်ပြနိုင်သော တရုတ်နှင့် အီတလီ၏ အောင်မြင်မှုများဖြစ် သည်ဟု အီတလီ သဘာဝပတ်ဝန်းကျင်ဝန်ကြီး အယ်ဖွန်ဆိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်လွှတ်တင်

ဝါရှင်တန် ဇူလိုင် ၅

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗယ် ကနေဒီ အာကာသစခန်းမှ ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်အား နိုင်ငံတကာ အာကာသစခန်းသို့ ဇူလိုင် ၄ ရက်က လွှတ်တင်လိုက်ကြောင်း နာဆာအဖွဲ့က ပြောကြားသည်။

ဇူလိုင် ၁ ရက်က လွှတ်တင်ရန် စီစဉ်ထားသော်လည်း ရာသီဉတု အခြေအနေကြောင့် ဇူလိုင် ၂ ရက်တွင် လွှတ်တင်ရန် ရက်ရွှေ့ဆိုင်းထားခဲ့ရသည်။ သို့သော် ရာသီဉတုအခြေအနေသည် ကျေနပ်အားရလောက်အောင် မရှိသဖြင့် ဇူလိုင် ၄ ရက်တွင် ပင်လယ်ကမ်းခြေ ကနေဒီ အာကာသစခန်းမှနေ၍ မွန်းလွဲ ၂ နာရီ ၃၈ မိနစ် အီးဒီတီ (၁၈း၃၈ဂျီအမ်တီ)တွင် လွှတ်တင်လိုက်ပြီး ၂ မိနစ်ခွဲခန့်တွင် သယ်ဆောင်သွားသော ဒုံးပျံများမှနေ၍ ခွဲထွက်သွားပြီး ဆက်လက်ပျံသန်းသွားသည်။ ယင်းအာကာသယာဉ်သည် လွှတ်တင်ပြီး ကိုးမိနစ်၌ ကမ္ဘာပတ်လမ်းအတွင်းသို့ ရောက်ရှိသွားခဲ့သည်။

ယင်းဒစ္စကာဗာရီ အာကာသ လွန်းပြန်ယာဉ်တွင် အမေရိကန် အာကာသယာဉ်မှူးခြောက်ဦးနှင့် ဂျာမန်အာကာသယာဉ်မှူးတစ်ဦး လိုက်ပါသွားကြသည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗယ် ကနေဒီ အာကာသစခန်းမှ ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်ကို နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်လိုက်စဉ်။

(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း — နိုင်ငံတကာ သတင်းများ

ကွမ်းသီး၊ကွမ်းယာစားသုံးမှု ကင်ဆာဖြစ်နိုင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

ဝယ်လင်တန် ဇူလိုင် ၅

ကွမ်းယာထဲတွင် ဆေးရွက်ကြီးထည့်စားသည့် ပစိဖိတ်ကျွန်းသားများသည် သေစေနိုင်သည့် အလေ့အထကို ပြုလုပ်နေခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က ပြောကြားသည်။

ကွမ်းသီးနှင့် ဆေးရွက်ကြီးတို့ကို ရော၍ ဝါးစားနေကြသဖြင့် ကင်ဆာနှင့် ပါးစပ်ကင်ဆာ ဖြစ်ပွားသည့် အထောက်အထားတစ်ရပ်ကို သိပ္ပံပညာရှင်များက တွေ့ရှိထားပြီ ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ကွမ်းယာကို စားသုံးနေခြင်းကြောင့်လည်း သေဆုံးမှုနှုန်း များပြားလာကြောင်း ဒဗလျူ အိတ်ချ်အိုမှပြောကြားသည်ကို ပါပူးဝါးနယူးဂီနီ သတင်းစာတွင် ဇူလိုင် ၃ ရက်၌ ဖော်ပြသည်။

ပစိဖိတ်နိုင်ငံများတွင် ကွမ်းယာ စားသုံးမှုကြောင့် အာခံတွင်းကင်ဆာ ဖြစ်ပွားမှု မြင့်မားလာကြောင်းဖြင့်လည်း ဒဗလျူအိတ်ချ်အို၏ အစီရင်ခံချက်၌ ဖော်ပြသည်။

များပြားလာ

ဆေးရွက်ကြီးတွင်ပါသည့် နီကိုတင်းဓာတ်ကြောင့် ကွမ်းယာစွဲသူများ များပြားလာလျက်ရှိသည်။ ထိုသို့ ကွမ်းစွဲသူများသည် ခေါင်း၊ လည်ပင်းနှင့် လည်မျိုကင်ဆာ ဖြစ်ပွားနိုင်ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

မြဝတီရုပ်မြင်သံကြား

၆–၇–၂၀၀၆

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၅။	ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း–၅၈)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟေဝန်ကသိုင်းလုလင်"** (ဒုတိယတွဲ) (အပိုင်း–၃)

အစိုးရက အောက်ခြေလူထုကို ဦးစားပေး၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အစွမ်းကုန်စွမ်းဆောင် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေကို ရခိုင်ပြည်နယ်၏ ရေလုပ်ငန်းကလည်း ရှာဖွေပေးလျက်ရှိ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ ပေါ်ထွန်းလာသဖြင့် အမျိုးသမီးများ အလုပ်အကိုင်အဆင်ပြေ

ရန်ကုန် ဇူလိုင် ၅

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်က မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို အမျိုးသမီးရေးရာအဖွဲ့ဝင်များက **"စွမ်းအားပြစို့ မြန်မာ အမျိုးသမီးတို့"** ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။

ထို့နောက် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက အမှာစကားပြောကြားရာတွင် မိမိတို့ရခိုင်ပြည်နယ်သည် သမိုင်းစဉ်တစ်လျှောက် သာသနာရောင် ထွန်းလင်းပြောင်ခဲ့ပြီး အလွန်ရှေးကျသော စေတီနှင့် ရုပ်ပွားတော်များ၊ ဘီစီ–၆ ရာစု၌ တည်ထားခဲ့သော စေတီနှင့် ရုပ်ပွားတော်များသည် ယနေ့ထက်တိုင် တည်တံ့လျက်ရှိနေခြင်းကြောင့် ယဉ်ကျေးမှုကိုထိန်းသိမ်းရာတွင် အစဉ်အလာကြီးမားကြောင်း ထင်ရှားစွာ တွေ့နိုင်မည်ဖြစ်ကြောင်း၊ မျိုးနွယ်ကို စောင့်သိခြင်းဆိုသည့် စိတ်ဓာတ်သည်လည်း ရခိုင်အမျိုးသမီးတိုင်း၏ ရင်ထဲတွင်ကိန်းဝပ်နေသည့် မွေးရာပါ အသိစိတ်ဓာတ်တစ်ခုဖြစ်ကြောင်း၊ ရခိုင်လူမျိုးတို့၏ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုသည် ကျောက်ခေတ်နှောင်းပိုင်းကာလများမှ စတင်ခဲ့ပြီး ယဉ်ကျေးမှုထွန်းကားသည့် ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးခေတ်များအလိုက် ပြောင်းလဲလာခဲ့ကြောင်းကို မြောက်ဦးမြို့ရှိ ထုက္ကန်သိမ်ဘုရားတွင်းရှိ ရုပ်တုများ၊ အံတော်သိမ်အတွင်းရှိ ရုပ်တုများ၊ သျှစ်သောင်းဘုရားအတွင်းရှိ ရုပ်တုများ၏ ဝတ်စားဆင်ယင်ပုံများကို လေ့လာပါက ရခိုင်လူမျိုးများ၏ ယဉ်ကျေးမှုသည် မည်မျှတိုးတက်ကြောင်း မြင်တွေ့နိုင်မှာဖြစ်ကြောင်း၊ ယနေ့အထိ ရခိုင်တိုင်းရင်းသူများအနေဖြင့် ဆံထုံးအမျိုး ၆၀ အား မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းလျက်ရှိနေသည့်အတွက် ရိုးရာယဉ်ကျေးမှုများကို လက်ဆင့်ကမ်းနိုင်အောင် ရခိုင်ပြည်နယ်ရှိ အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ၊ ဆံကေသာအလှပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာအကပွဲများကို ဖော်ထုတ်မြှင့်တင်ပေးလျက်ရှိပါကြောင်း၊ အမျိုးဂုဏ်၊ဇာတိဂုဏ်နှင့် မျိုးနွယ်ကို စောင့်ရှောက်ထိန်းသိမ်းရာ တွင် မိမိတို့အမျိုးသမီးများက အဓိကကျကြောင်း၊ သမိုင်းအစဉ်အလာနှင့် ရှေးပဝေသဏီကပင် အခြေချနေထိုင်လာခဲ့သည့် မိမိတို့နေရာဒေသနှင့် မိမိတို့လူမျိုးမပျောက်ကွယ်ရန် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်မှာ မိမိတို့အမျိုးသမီးတိုင်း၏ တာဝန်ဖြစ်ကြောင်း၊ ယင်းအသိစိတ်ဓာတ်ကို ရခိုင်အမျိုးသမီးထုက လိုလိုလားလား လက်ခံကျင့်သုံးနေသည်ကို သတင်းမီဒီယာအချို့က ရခိုင်ပြည်နယ်တွင် လူမျိုးရေးခွဲခြားမှုရှိနေကြောင်း၊ ဘာသာရေး လွတ်လပ်မှုမရှိကြောင်း ပြောဆိုနေခြင်းသည် ယင်းတို့နိုင်ငံ၊ ယင်းတို့ အတွေးနှင့် တစ်ဖက်သတ်အယူအဆဖြင့် စွပ်စွဲချက်များသာဖြစ်ပါသည်ဆိုသည်ကို သုံးသပ်တွေ့ရှိရမှာ ဖြစ်ကြောင်း။

တိုးတက်ကောင်းမွန်

မိမိတို့ရခိုင်ပြည်နယ်သည် လူဦးရေ သုံးသန်းကျော်နှင့် ခရိုင်လေးခု၊ မြို့နယ် ၁၇ မြို့နယ်၊ မြို့နယ်ခွဲသုံးခုဖြင့် ဖွဲ့စည်းထားသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ပြည်နယ်အတွင်း အမျိုးသားပညာရည်မြင့်မားရေး အထူး စီမံကိန်းတစ်ရပ်ရေးဆွဲဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ်၏ ပညာရေးကဏ္ဍသည် ၁၉၈၈ခုနှစ်ကထက် မြင့်မားတိုးတက်ခဲ့ကြောင်း၊ ပြည်နယ်အတွင်းအဆင့်မြင့်ပညာသင်ကြားနိုင်ရန်တက္ကသိုလ် တစ်ခု၊ အစိုးရကွန်ပျူတာကောလိပ်တစ်ခု၊ ပညာရေးကောလိပ် တစ်ခု၊အစိုးရနည်းပညာကောလိပ်တစ်ခု၊ စက်မှုလက်မှုသိပ္ပံတစ်ခု ဖွင့်လှစ်ထားရှိသဖြင့် မိမိဒေသအတွင်းမှာပင် အဆင့်မြင့်ပညာရပ်ကို သင်ယူနိုင်မှုအခွင့်အလမ်းများ တစ်ပြေးညီရရှိခဲ့ကြကြောင်း၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၆ ခုနှစ် မြန်မာ အမျိုးသမီးများနေ့ အခမ်းအနားတွင် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေ အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

တိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အခြေခံပညာအနေနှင့် အခြေခံပညာ အထက်တန်းကျောင်း ၅၇ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၁၃၆ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၂၅၁၅ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ ၃၂ ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ၂၇ ကျောင်း၊ မူလတန်း ကျောင်းခွဲ တစ်ကျောင်း၊ တွဲဖက် အခြေခံပညာအထက်တန်းကျောင်း ၁၃ ကျောင်း၊ တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်း ၂၀၉ ကျောင်း၊ မူကြိုကျောင်း ၁၆ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၇၇ ကျောင်းစသည်တို့ကို ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၏ ပညာရေးကဏ္ဍတိုးတက် ကောင်းမွန်လျက်ရှိခြင်းကြောင့် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် အခြေခံပညာ အထက်တန်းစာမေးပွဲတွင် အောင်ချက် ၃၇ ဒသမ ၉၇ ရာခိုင်နှုန်းရရှိပြီး မြန်မာတစ်နိုင်ငံလုံးတွင် ပထမရသည်အထိ တိုးတက်ခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

မိမိတို့ရခိုင်အမျိုးသမီးများသည် ယဉ်ကျေး သိမ်မွေ့ကြပြီး ပညာရေးအခြေခံကောင်းများလည်း ရရှိခဲ့ကြပြီဖြစ်သည့်အတွက် မိမိတို့ပြည်နယ်တွင် လူကုန်ကူးမှုဖြစ်ပွားခြင်း မရှိသလောက် နည်းပါးခဲ့ကြောင်း။

ကာကွယ်ထိန်းသိမ်းနိုင်

မိမိတို့ ရခိုင်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းဒေသတစ်ခုဖြစ်သည့်အတွက် ဒီရေရောက်သစ်တောများ ပေါက်ရောက်ရာဒေသလည်း ဖြစ်ကြောင်း၊ ၁၉၉၇ခုနှစ် ဂြိုဟ်တု ဓာတ်ပုံမှတ်တမ်းအရ ပြည်နယ်ဧရိယာ၏ ၄၆ ဒသမ ၆၃ရာခိုင်နှုန်းသည် သစ်တောများဖြစ်ကြောင်းသိရှိရကြောင်း၊ ဒီရေတောအခြေအနေကို ကြည့်မည်ဆိုပါက မြန်မာနိုင်ငံတွင် ဒီရေတော ၃ဒသမ၈သန်း ဟက်တာရှိသည်ကို တွေ့ရပြီး ရခိုင်ပြည်နယ်တွင် ၆၄၇၅၂ ဟက်တာရှိသည်ကို တွေ့ရမှာ ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ရှိဝန်းဖိုက်ဒီရေတောမှာ ဧရိယာ ၈၈ စတုရန်းမိုင်ကျယ်ပြီး ၅၆၆၃၃ ဧကရှိကြောင်း၊ ၎င်းဒီရေတောသည် ကမ္ဘာတွင်ရှားပါးသော ဒီရေတောဖြစ်ပြီး ဇီဝမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးတွင် ထိရောက်ကောင်းမွန်ခြင်းကြောင့် ယနေ့အထိ နိုင်ငံတကာမှ လာရောက် လေ့လာလျက်ရှိကြောင်း၊ ဒီရေတောများရှိခြင်းကြောင့် ငါး၊ပုစွန်၊ ကဏန်းမျိုးများပေါများခြင်း၊ ပင်လယ်ဒီရေလှိုင်းဒဏ်မှ ကာကွယ်ပေးခြင်း၊ ကမ်းပါးပြိုကျမှုနှင့် မုန်တိုင်းဒဏ်ခံနိုင်ခြင်းစသည့် အကျိုးကျေးဇူးတွေလည်း ရရှိနိုင်ကြောင်း၊ ၂၀၀၄ ဒီဇင်ဘာ ၂၆ရက်နေ့က ဖြစ်သွားသည့် ဆူနာမီ ရေလှိုင်းဒဏ်ကို ခံနိုင်ခဲ့သည်မှာလည်း မြန်မာနိုင်ငံတွင် ဒီရေတောများ ပေါများစွာရှိနေသည့်အတွက် ဖြစ်ကြောင်း သာဓကအနေနှင့် တွေ့နိုင်မှာဖြစ်ကြောင်း၊ ဒီရေတောများ မပြုန်းတီးရအောင် ထိန်းသိမ်းပညာပေးမှုများ၊ ထင်းအစားထိုးလောင်စာမြှင့်တင်ရေး အစီအစဉ်များကိုလည်း သစ်တောဦးစီးဌာနနှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း၊ ပျက်စီးသွားသည့် ဒီရေတောနေရာတွင်လည်း ဒီရေရောက်အပင်များ ပြန်လည်စိုက်ပျိုးမှုကို ၂၀၀၅–၂၀၀၆ခုနှစ်အတွင်း အမျိုးသားပတ်ဝန်းကျင် ထိန်းသိမ်းရေးတစ်ခုအနေဖြင့် ကမ်းရိုးတန်းဒေသတစ်လျှောက် စိုက်ပျိုးပေးခဲ့သည့်အတွက် သဘာဝဘေးအန္တရာယ် ဒဏ်ခံနိုင်ပြီး ငါး၊ ပုစွန်၊ ကဏန်း စသည့် ဇီဝသတ္တဝါများ မျိုးသုဉ်းမှုများကို ကာကွယ်ထိန်းသိမ်းနိုင်သည့်အပြင် ရေထွက်ပစ္စည်းနှင့် ရေလုပ်ငန်းကိုလည်း တွင်ကျယ်စွာလုပ်ကိုင်နိုင်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည် ဖြစ်ကြောင်း၊ ရေလုပ်ငန်းမှ ရရှိသော ငါး၊ပုစွန်၊ ကဏန်း၊ ရေညှိ၊ကမာ၊ မုတ်ကောင်မှရသော ပုလဲများကို နိုင်ငံခြားသို့ရောင်းချခွင့်ရပြီး စီးပွားရေးတိုးတက်ကောင်းမွန်လျက်ရှိကြောင်း။

ယခုအခါ ရခိုင်ပြည်နယ် မြောက်ပိုင်း စစ်တွေမြို့မှ အမ်း–မအီ–တောင်ကုတ်–သံတွဲမှ ဂွမြို့နယ် အထိ ခရီးမိုင် ၄၁၃မိုင်အကွာအဝေးကို ကားလမ်းဖြင့် သွားနိုင်ပြီ ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် ရန်ကုန်သို့ သွားရောက်နိုင်သည့် ဝင်ပေါက်သုံးခုကိုလည်း ဖောက်လုပ်ပြီးစီးပြီးဖြစ်ကြောင်း၊ ယင်းမှာ စစ်တွေ–အမ်း–မင်းဘူး–ရန်ကုန် ၆၃၅မိုင် ၃ဖာလုံ၊ ကျောက်ဖြူ–တောင်ကုတ်–ပြည်–ရန်ကုန် ၄၀၇မိုင် ၃ဖာလုံကိုလည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ၂၀၀၆ခုနှစ် ဧပြီ၇ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျွန်းပတ်လမ်းတစ်ခုဖြစ်သည့် သံတွဲ– ဂွ– ငသိုင်းချောင်း–ရန်ကုန် ၂၂၃မိုင် ၄ဖာလုံကို ဖောက်လုပ်အသုံးပြုလျက်ရှိနေပြီဖြစ်ကြောင်း။

အချိန်တိုအတွင်း သွားလာနိုင်

၁၉၈၈–၈၉ခုနှစ်မှစ၍ ပေ၁၈၀ အထက် တံတား၄၇ စင်းအထိ လေးဆကျော်တိုး၍ တည်ဆောက်ပေးခဲ့ကြောင်း၊ ဆောက်လုပ်ဆဲ ပေ၁၈၀ အထက် တံတားနှစ်စင်းမှာ ရန်ကုန်–ကျောက်ဖြူလမ်းမကြီးပေါ်ရှိ ဝန်ဖိုက်တံတားနှင့် ရန်ကုန်–စစ်တွေ လမ်းမကြီးပေါ်ရှိ ကျောက်တန်းတံတားကို ဆောက်လုပ်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာသဖြင့် ရန်ကုန်မြို့၌သာမက အခြား မြို့နယ်များသို့ပါ အချိန်တိုအတွင်း သွားလာကုန်သွယ်နိုင်ခြင်းကြောင့် ပြည်နယ်အတွင်း စီးပွားရေးကောင်းမွန်လာသည့်အပြင် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များပါ ပိုမိုခိုင်မြဲလာရခြင်းဖြစ်ကြောင်း၊ စီးပွားရေးကောင်းလာသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းကြောင့် အခြားဒေသများကို သွားရောက် အလုပ်အကိုင်ရှာဖွေစရာ မလိုသည့်အတွက် မိမိတို့ပြည်နယ်တွင် လူကုန်ကူးမှုနည်းပါးရခြင်း ဖြစ်ကြောင်း။

စိုက်ပျိုးရေးဘက်တွင်လည်း ကောင်းမွန်သကဲ့သို့ ပင်လယ်သယံဇာတကြွယ်ဝသည့်အလျောက် အဓိကအနေဖြင့် ကမ်းနီးကမ်းဝေး ငါး၊ ပုစွန်၊ ကဏန်းထုတ်လုပ်မှုလုပ်ငန်းများလည်း အဆင်ပြေချောမွေ့လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်၏ ထူးခြားသော ဖွံ့ဖြိုးတိုးတက်မှုတစ်ခုမှာ ရေချို၊ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေကိုလည်း ရခိုင်ပြည်နယ်၏ ရေလုပ်ငန်းက ရှာဖွေပေးလျက်ရှိကြောင်း၊ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်လျက် အအေးခန်းစက်ရုံ၊ ရေခဲစက်ရုံ၊ စည်သွတ်ဘူးစက်ရုံများ ပေါ်ထွန်းလာသည့်အတွက် အမျိုးသမီးများ အလုပ်အကိုင် အဆင်ပြေမှုများ ရှိလာကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံတွင် ထင်ရှားသည့် ငပလီကမ်းခြေကိုလည်း သဘာဝပတ်ဝန်းကျင်များ ပျက်စီးယိုယွင်းမှုမရှိရအောင်ထိန်းသိမ်းထားပြီး ယနေ့တိုင် ကမ္ဘာလှည့် ခရီးသည်များကို ဆွဲဆောင်ရာနေရာ တစ်ခုလည်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ရှိ အမျိုးသမီးရေးရာအဖွဲ့အနေနှင့်လည်း မိသားစုဝင်ငွေတိုးအောင် ဆောင်ရွက်သည့်

စာမျက်နှာ ၁၄ ကော်လံ ၁ သို့



အစိုးရနည်းပညာ ကောလိပ် (စစ်တွေ)

ရခိုင်ပြည်နယ် စစ်တွေမြို့၌ တည်ဆောက်ထားသော အစိုးရနည်းပညာကောလိပ် (စစ်တွေ)၏ ပင်မဆောင် (သုံးထပ်ဆောင်) ကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

အစိုးရပယောဂကြောင့်ပြည်ပကိုပြောင်းရွှေ့ရသောဒုက္ခသည်များ တနင်္သာရီတိုင်းအတွင်းမရှိ တစ်ဖက်နိုင်ငံ၌ ဒုက္ခသည်မျက်နှာဖုံးစွပ်ထားသည့်သောင်းကျန်းသူများနှင့်၎င်းတို့၏နောက်လိုက်များသာရှိ ဒေသတွင်းတည်ငြိမ်မှုကိုခြိမ်းခြောက်နေသူများမှာ သောင်းကျန်းသူများသာဖြစ်

ရန်ကုန် ဇူလိုင် ၅

တနင်္သာရီတိုင်းအမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီခွဲက မြိတ်မြို့ရှိ တိုင်းရန်အောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်က အမှာစကားပြောကြားရာတွင်တနင်္သာရီတိုင်းသည် မြန်မာနိုင်ငံ၏ တောင်ဘက်ဆုံးအပိုင်း၌ တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၆၇၃၅ ဒသမ ၅၆ ရှိသည့်အတွက် မြန်မာနိုင်ငံ အကျယ်အဝန်း၏ ၆ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်းသည် သဘာဝအနေအထားအရ တစ်ဖက်နိုင်ငံနှင့်ထိစပ်နေပြီး ကော့သောင်း-မာရမ်း၊ ဆိပ်ဖူး၊ မလိဝမ်း၊ ချန်ဖမ်း၊ အောင်ဘာ၊ ဘုတ်ပြင်းမြို့နယ် ရတနာပုံလမ်း၊ ကျွန်းစုမြို့နယ်၊ စခန်းသစ်၊ ကံမော်ရေလမ်း၊ တနင်္သာရီမြို့နယ်၊ ညောင်ပင်ကွင်း၊ သဘော့လိပ်၊ မောတောင်၊ သရက်ချောင်းမြို့နယ် ထီးစီး၊ သောင်ဖြူ၊ ထားဝယ်မြို့နယ် မေတ္တာ၊ အိုင်ဝိုင်း၊ ဆင်ဖြူတိုင်လမ်းကြောင်းများက တစ်ဆင့် ဝင်ထွက်သွားလာနိုင်ကြောင်း၊ တနင်္သာရီတိုင်း လူဦးရေအများစုဖြစ်သည့် ကျေးလက်နေလူတန်းစားများအနေနှင့် အသိပညာနည်းပါးမှုကြောင့် မသမာသည့် လူပွဲစားများ၏ မက်လုံးပေးမြှူဆွယ်မှုများကို ယုံကြည်လိုက်ပါပြီး လူကုန်ကူးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း။

ကယ်တင်ပေးနိုင်

တနင်္သာရီတိုင်းတွင် တားဆီးပညာပေး နေရပ်ပြန်လည်စေလွှတ်သူ အမျိုးသား ၁၉၀၊ အမျိုးသမီး ၈၈၈ဦး စုစုပေါင်း ၂၇၈၉ဦးရှိကြောင်း၊ လူပွဲစားအရေးယူမှုအနေနှင့် ၅၆မှု ရှိခဲ့ပြီး တရားခံဦးရေ အမျိုးသား ၉၁ ဦး၊ အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၁၁၆ ဦးကို အမှုဖွင့် အရေးယူခဲ့ပြီး သွေးဆောင်ခြင်းခံရသူ ၅၆၉ ဦးကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးများရေးရာအဖွဲ့အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် UNIAP တို့ ပူးပေါင်းမှုအစီအစဉ်ဖြင့် တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်မှာ ၂၁-၆-၂၀၀၆ ရက်နေ့တွင် ကျင်းပခဲ့သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ထိရောက်စွာ အကောင်အထည်ဖော်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့လည်း တက်ရောက်ခဲ့သည့်အပြင် တိုင်းအတွင်း လူကုန်ကူးမှု ပညာပေးဟောပြောပွဲ ၂၂ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး တက်ရောက်သူ ၂၂၃၂၆ဦး ဖြစ်ကြောင်း။

စနစ်တကျဖွဲ့စည်း

တနင်္သာရီတိုင်းအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့အဆင့်ဆင့်ကိုလည်း စနစ်တကျ ဖွဲ့စည်းထားရှိပြီး လုပ်ငန်းများ အောင်မြင်စေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်မှု အခြေအနေကို ကြည့်မည်ဆိုလျှင် တနင်္သာရီတိုင်းတွင် သဘာဝနယ်မြေ ၂၂၁၅ ဒသမ၃၉ စတုရန်းမိုင်ဖြစ်ပြီး ကြိုးဝိုင်းတော ၄၅၂၆ ဧကနှင့် ကြိုးပြင်ကာကွယ်တော ၃၅၇ ဧက ရှိကြောင်း၊ သစ်တောစိုက်ခင်း ၉၇၉၅ ဧက ထုတ်ထောင်နိုင်ခဲ့ပြီး အမျိုးသမီးရေးရာ အဖွဲ့အနေနှင့် အခြား (NGO)အဖွဲ့များနှင့် ပူးပေါင်းပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင် ၄ဒသမ ၅၂သန်းပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ကျေးရွာသုံး စိုက်ခင်း ၇၂၇၅ ဧက ထူထောင်ထားရှိပြီး ဒီရေရောက်သစ်တောများကို ထိန်းသိမ်းကာကွယ်ပေးလျက်ရှိကြောင်း၊ အလားတူပင် တိုင်းအတွင်းရှိ တောရိုင်းတိရစ္ဆာန်များ၊ သစ်ပင်ပန်းမန်နှင့် သဘာဝနယ်မြေ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကိုလည်းဆောင်ရွက်လျက်ရှိပါကြောင်း။

အားသွန်ခွန်စိုက်ဆောင်ရွက်

မိမိတို့မှီတင်းနေထိုင်ရာ မြန်မာနိုင်ငံတော်ကြီးသည် ကိုလိုနီနယ်ချဲ့၏ ဖိနှိပ်မှုအောက်က ၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ရက်နေ့တွင် လွတ်မြောက်ပြီးသည့်နောက်ပိုင်း ခေတ်အဆက်ဆက် အစိုးရအဖွဲ့အသီးသီးသည် နိုင်ငံအကျိုးစီးပွားကို သက်ဆိုင်ရာအတွေးအခေါ်၊ အယူအဆ အသီးသီးနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသကဲ့သို့ လက်ရှိနိုင်ငံတော်အစိုးရသည်လည်း မမိုတ်မသုန်သော ယုံကြည်ချက်၊ ခံယူချက်များကို အရင်းခံပြီး တက်ကြွနိုးကြားသည့် လှုပ်ရှားဆောင်ရွက်မှုများကို ပြင်းထန်ထိရောက်သည့် ဇွဲ၊ လုံ့လ၊ ဝီရိယများနှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို အခြေခံပြီး အားစိုက်ခွန်စိုက် ဆောင်ရွက်ခဲ့သည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူရန် ဆုံးဖြတ်ချက် တစ်စုံတစ်ရာချမှတ်ရေးအတွက် အမေရိကန်ဦးဆောင်မှုနှင့် ပြည်တွင်း၊ ပြည်ပဆန့်ကျင်ရေးအင်အားစုများက ဝေဖန်စွပ်စွဲချက်များနှင့် ကြိုးပမ်းဆောင်ရွက်နေသည်မှာ အများအသိပင် ဖြစ်ကြောင်း၊ ယင်းစွပ်စွဲချက်များထဲမှာ ဒေသခံတိုင်းရင်းသားများကို မျိုးဖြုတ်စစ်ဆင်ရေးများ ပြုလုပ်နေသည်ဆိုသည့် အချက်တစ်ချက်ပါဝင်ကြောင်း ယင်းအချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာဖြစ်ကြောင်း။

ထိခိုက်ပျက်ပြား

တနင်္သာရီတိုင်းသည် တစ်ဖက်နိုင်ငံနှင့်ထိစပ်နေပြီး ချောင်း၊ မြောင်း၊ တော၊ တောင် ထူထပ်ပေါများသည့်နေရာများမှာ သောင်းကျန်းသူများ၏ ခြေကုပ်စခန်းကောင်းများ ဖြစ်နေကြောင်း၊ ယင်းတို့ကို အကာအကွယ်ယူပြီး အပြစ်မဲ့ခရီးသွား ပြည်သူများကို ဆက်ကြေးတောင်း၊ ဓားပြတိုက်သည့်ဖြစ်စဉ်များ၊ လမ်းတံတားမိုင်းခွဲဖျက်ဆီးသည့် ဖြစ်စဉ်များ၊ ၎င်းတို့ထောင်ထားသည့် မိုင်းနင်းမိပြီး အပြစ်မဲ့ပြည်သူများ ထိခိုက်သေကျေပျက်စီးသည့်ဖြစ်စဉ်များမှာ ထုနှင့်ထည်နှင့် ဖြစ်ခဲ့ကြောင်း၊ တိုင်းရင်းသား ပြည်သူများ၏ လူနေမှုဘဝလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေမည့် အခြေအနေဆိုးများ ဖြစ်ပေါ်ခဲ့ကြောင်း။

တနင်္သာရီတိုင်းအတွင်း၌ ၂၀၀၅ ခုနှစ်အတွင်းက KNU သောင်းကျန်းသူများ ရက်စက်ယုတ်မာမှုဖြစ်စဉ်တစ်ခုကို တင်ပြမှာဖြစ်ကြောင်း၊ ၂၁-၄-၂၀၀၅ ရက်နေ့တွင် ထားဝယ်တက္ကသိုလ်၊ ဘူမိဗေဒဌာနမှ ဌာနမှူး ဦးမျိုးသန့်နှင့် ဆရာ၊ ဆရာမများ ဦးစီးသည့် ကျောင်းသား၊ ကျောင်းသူ ၉၂ဦးအဖွဲ့သည်တောင်ကြီး၊ ပင်းတယဒေသသို့ မော်တော်ယာဉ်နှစ်စီးဖြင့် လေ့လာရေးခရီးထွက်ခဲ့ရာ ကလိန်အောင်မြို့နယ်ခွဲ ဟိန္ဒားရွာအနီး ၃၃ မိုင်အရောက်တွင် KNU အကြမ်းဖက်အဖျက်သမားများ၏ တိုက်ခိုက်မှုကို ခံခဲ့ရကြောင်း၊ ယင်းဖြစ်စဉ်တွင် လက်ထောက်ကထိက (ဘူမိဗေဒ) ဒေါ်ခိုင်သဇင်ကိုနှင့် ကျောင်းသူသုံးဦး၊ အရပ်သားနှစ်ဦး၊ ရဲတပ်ဖွဲ့ဝင် နှစ်ဦး စုစုပေါင်း ရှစ်ဦးအသက်ဆုံးရှုံးခဲ့ပြီး ၁၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

လုပ်ကြံဖန်တီး

နိုင်ငံသားများ၏ အမိအဖသဖွယ်ဖြစ်သည့် နိုင်ငံတော်အစိုးရအနေနှင့် သားသမီးပမာဖြစ်သော ပြည်သူများကိုစောင့်ရှောက်ပေးရေးမှာ အဓိကတာဝန်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရအနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများကို မျိုးဖြုတ်စစ်ဆင်ရေးလုပ်နေခြင်းမဟုတ်ဘဲ ပြည်သူများ၏ အသက်၊အိုးအိမ်၊ စည်းစိမ်လုံခြုံရေးအတွက် လက်တစ်ဆုပ်စာရှိသည့် ပြည့်ရန်စွယ်သောင်းကျန်းသူများကိုသာ စစ်ရေးအရချေမှုန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အစိုးရ၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောင့်စုံဘက်စုံကဏ္ဍစုံက ဆောင်ရွက်ပေးနေသည်ကို ကြည့်မည်ဆိုလျှင် မျိုးဖြုတ်စစ်ဆင်ရေးများ လုပ်နေသည်ဆိုသည့်အချက်မှာ လုပ်ကြံဖန်တီးမှုသက်သက်ဖြစ်သည် ဆိုသည်ကို တွေ့ရမှာဖြစ်ကြောင်း။

ကျေးရွာများကို ဖျက်ဆီးခြင်း၊ အဓမ္မ ပြောင်းရွှေ့နေရာချထားခြင်းနှင့် ပြည်ပသို့ ဒုက္ခသည်များပြောင်းရွှေ့ခြင်းများ ဆောင်ရွက်သည်ဟု စွပ်စွဲထားပြန်ကြောင်း၊ မိမိတို့တနင်္သာရီတိုင်းအတွင်းမှာ လူဦးရေ ၁၅သန်းကျော် မှီတင်းနေထိုင်ကြောင်း၊ ခရိုင်သုံးခု၊ မြို့နယ် ၁၀မြို့နယ်နှင့် မြို့နယ်ခွဲခြောက်ခု၊ ရပ်ကွက် ၈၃ ခု၊ ကျေးရွာအုပ်စု ၂၆၄စု၊ ကျေးရွာပေါင်း ၁၂၃၀ ရွာနှင့် ဖွဲ့စည်းထားကြောင်း၊ အုပ်ချုပ်မှုစနစ် ထိရောက်မှန်ကန်စေရေးအတွက် မြို့နယ်ခွဲများကိုဖွဲ့စည်းသည့်အခါ ရေကြည်ရာမြက်နုရာဆိုသကဲ့သို့ စည်ကားသည့်နေရာ၊ ဖွံ့ဖြိုးသည့်နေရာများကို ဒေသခံကျေးရွာသားများ၏ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ ကိုယ်ပိုင်ဆန္ဒများအရ ပြောင်းရွှေ့နေထိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ယင်းသို့စုစည်းရောက်ရှိလာသည့်မိသားစုများကိုလည်း သက်ဆိုင်ရာအဖွဲ့ အစည်းများက နွေးထွေးစွာကြိုဆိုပြီး လိုအပ်သည့် အကူအညီများပေးခဲ့ကြောင်း၊ သောင်းကျန်းသူများ၏ အဓမ္မဆက်ကြေးကောက်ခံမှု၊ တပ်သားသစ် စုဆောင်းမှုဒဏ်ကို မခံနိုင်ကြတာလည်း ပါဝင်ကြောင်း၊ အစိုးရ၏ ပယောဂကြောင့် ပြည်ပကိုပြောင်းရွှေ့ရသည့် ဒုက္ခသည်များ တနင်္သာရီတိုင်းအတွင်းတွင် မရှိပါကြောင်း၊ တပ်မတော်၏ ထိုးစစ်ကို မခံနိုင်၍ တစ်ဖက်နိုင်ငံထဲကို ပြေးဝင်ခိုလှုံပြီး ဒုက္ခသည်မျက်နှာဖုံးစွပ်ထားသည့် သောင်းကျန်းသူများနှင့် ယင်းတို့၏နောက်လိုက်များသာဖြစ်ကြောင်း၊ စွပ်စွဲချက်များမှာ ပါဝင်သည့် ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်နေသူများမှာ တပ်မတော်အစိုး ရမဟုတ်ဘဲ နိုင်ငံတော်ကို ဆန့်ကျင်နေသည့် သောင်းကျန်းသူ အဖွဲ့အစည်းများ ဖြစ်ကြောင်း တွေ့ရမှာဖြစ်ကြောင်း။

ကွင်းဆင်းစစ်ဆေးမေးမြန်း

အဓမ္မအခမဲ့လုပ်အားပေးခိုင်းစေမှုများနှင့် ပတ်သက်၍လည်း တိုင်ကြားချက်များမရှိကြောင်း သိရပါကြောင်း၊ တနင်္သာရီတိုင်း ထားဝယ်မြို့နယ်တွင် (Unocal Myanmar Offshore Co., Ltd.)က ကန်ဘောက်ဒေသကနေ နတ်အိမ်တောင်အထိ ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်တာရှိကြောင်း၊ ယင်းလုပ်ငန်းတွင် အဓမ္မခိုင်းစေသည်ဟု စွပ်စွဲချက်နှင့် ပတ်သက်ပြီး ၂၇-၉-၂၀၀၅ရက်နေ့တွင် အလုပ်သမားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်ခေါင်းဆောင်သည့် အဖွဲ့သည် ရေဖြူ၊ ကန်ဘောက်နတ်အိမ်တောင်နယ်မြေက ကျေးရွာ ၂၈ရွာ၊ လူပုဂ္ဂိုလ် ၇၇၂ဦးကို ၁၁ ကြိမ်တိုင်တိုင် ကွင်းဆင်း စစ်ဆေးမေးမြန်းခဲ့ကြောင်း၊ ယင်းသို့မေးမြန်းသည့်နေရာတွင် အဓမ္မလုပ်အားပေးခိုင်းစေမှုများမရှိခဲ့ကြောင်း သိရကြောင်း၊ ကုမ္ပဏီအနေနှင့် အလားတူသက်ဆိုင်ရာ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းကဏ္ဍများအတွက် ကူညီပံ့ပိုးမှုများဆောင်ရွက်ခဲ့ကြောင်း၊ (I.L.O)မှ ယာယီဆက်သွယ်ရေးအရာရှိ မစ္စတာ ရစ်ချပ်ဟိုးဆေးသည် ၁၈-၁-၂၀၀၆ရက်မှ ၂၁-၁-၂၀၀၆ရက်အထိ ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကျေးရွာများနှင့် မေတ္တာမြို့နယ်ခွဲ ဟိန္ဒားသတ္တုမိုင်းကို ကွင်းဆင်းပြီးဒေသခံများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါကြောင်း၊ (I.L.O)အုပ်ချုပ်မှုအဖွဲ့အနေနှင့် အချို့ဆုံးဖြတ်ချက်များသည် အလုပ်သမားရေးရာကိစ္စများအပေါ်တွင် အခြေမခံဘဲ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ တင်ပြချက်များအပေါ် စောင်းပေး၍ ထင်မြင်ချက်များပေးနေခြင်း ဖြစ်သည်ဆိုသည်ကို ရှင်းလင်းတင်ပြလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတွင်းဆောင်ရွက်မှုများ၊ နိုင်ငံတကာနှင့် ဆက်စပ်ဆောင်ရွက်မှုများ၊ အသင်းအဖွဲ့အသီးသီးနှင့် ဆက်စပ်ဆောင်ရွက်မှုများမှာ မိမိခြေထောက်ပေါ် မိမိရပ်တည်ပြီး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့သည်များသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံအကျိုးကို လိုလားသရောင်နှင့် အသံကောင်းဟစ်နေသည့် ပြည်တွင်းအဖျက်သမားများ၊ ပြည်ပရောက်အဖျက်သမားများ၊ သောင်းကျန်းသူများ၊ ပြည်ပနိုင်ငံကြီးအချို့များသည် တကယ်တော့ နိုင်ငံအတွက် မည်သို့မျှထိထိရောက်ရောက် လုပ်ပေးတာမတွေ့ရပါကြောင်း၊ ၂၀၀၅ ခုနှစ်က Honourable Vaclav Havel နှင့် Bishop Desmond M.Tu Tu တို့က Threat to the Peace: A call for the UN Security Council to act in Burma ဆိုသည့် စာတမ်းတစ်စောင်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုတင်သွင်းနိုင်ရန် စီစဉ်ခဲ့ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အရေးကိစ္စသည် ဒေသအတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေး၊ လုံခြုံရေးများကို တိုက်ရိုက်အန္တရာယ်ပြုလာနိုင်မည့် အခြေအနေပေါ်ပေါက်လာမှသာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်အရ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန်စဉ်းစားနိုင်မှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်အစိုးရအနေနှင့်လည်း အချိန်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုများကို ကဏ္ဍတိုင်းမှာဖြစ်ထွန်းပေါ်ပေါက်နေသည်ကိုမျက်ဝါးထင်ထင်တွေ့မြင်ရမှာ ဖြစ်သကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့်ပါ ဆက်သွယ်ဆက်ဆံမှုကောင်းမွန်နေပြီး မိမိတို့ဒေသထဲတွင် မိမိတို့နှင့် နယ်မြေဆက်စပ်နေသည့်နိုင်ငံများက စိုးရိမ်ကန့်ကွက်ချက်တစ်စုံတစ်ရာ မကြားမိကြောင်း၊ ရှေခြား၊ မြေခြားနိုင်ငံကြီးများ

စာမျက်နှာ ၁၄ ကော်လံ ၃

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးကျော် အားကစားထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တနင်္သာရီကမ်းရိုးတန်း မုတ္တမကမ်းလွန် မြန်မာ့ပင်လယ်ပြင်မှ သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ရတနာသဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ကွက် အမှတ် (၁)ကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

အနောက်တိုင်းနိုင်ငံများ၏ စံနှုန်းနှင့်တိုင်းကြည့်ပြီး Force Labour ဟု စွပ်စွဲခဲ့ကြသူများသည် မိမိတို့ဒေသကို လမ်းတစ်ပေ၊ တံတားတစ်စင်း ဆောက်လုပ်ရာတွင် နှမ်းစေ့မျှ ပါဝင်ခြင်းမရှိခဲ့

■ **ကျောဖုံးမှ**

တိုင်းရင်းသားများ စုပေါင်းပြီး အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ နှစ်ပေါင်းထောင်နှင့်ချီ အတူတကွ နေထိုင်ခဲ့ကြကြောင်း၊ ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်းတွင် တည်ရှိပြီး အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ မြောက်ဘက်နှင့်အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ဘက်နှင့်အနောက်ဘက်တွင် စစ်ကိုင်းတိုင်း၊ တောင်ဘက်တွင် ရှမ်းပြည်နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိကြောင်း၊ ပြည်နယ်များတွင် ဒုတိယအကြီးဆုံးပြည်နယ်ဖြစ်ပြီး စတုရန်းမိုင်ပေါင်း ၃၄၃၇၈ဒသမ၃၈မိုင်ကျယ်ဝန်းကာ ခရိုင်လေးခရိုင်၊ မြို့နယ် ၁၈မြို့နယ်၊ မြို့နယ်ခွဲခြောက်ခုရှိပြီး လူဦးရေ တစ်ဆယ့်လေးသိန်းနှစ်သောင်းကျော်ရှိပြီး အမျိုးသမီးဦးရေသည် ခုနစ်သိန်း တစ်သောင်းကျော်ရှိကြောင်း။

တိုးတက်မွေးမြူ

ကချင်ပြည်နယ်၏ စိုက်ပျိုးမြေဧရိယာတွင် ယခင်က လေးသိန်းလေးသောင်းကျော်ရှိခဲ့ရာမှ ယခုငါးသိန်းရှစ်သောင်းကျော်အထိ တိုးမြှင့်စိုက်ပျိုးနေပြီဖြစ်ကြောင်း၊ မိုးစပါး၊ နွေစပါး ယခင်ကထက် နှစ်ဆနီးပါး တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့၍ ဝမ်းစာဖူလုံရုံမျှမက ပိုလျှံလာပြီဖြစ်ကြောင်း၊ ထို့ပြင် မြေလွတ်မြေရိုင်းဧက ၁၈၇၂၂ ဧကကိုလည်း ထပ်မံဖော်ထုတ်နေပြီဖြစ်ကြောင်း၊ ကချင်ပြည်နယ်အတွင်း စိုက်ပျိုးရေရရှိရေးအတွက် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်တွင် ပေါင်းနက်ရေလှောင်တမံစီမံကိန်းကို တည်ဆောက်လျက်ရှိပြီး ငွေကျပ်သန်းပေါင်း ၃၆၂၂ ဒသမ ၀သန်း ကုန်ကျမည်ဖြစ်ကြောင်း၊ တည်ဆောက်ပြီးစီးပါက စိုက်ပျိုးဧက ၅၀၀၀ ကျော်ကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍတွင် အသားငါးထုတ်လုပ်မှုကို သုံးဆနီးပါးတိုးတက် မွေးမြူလာပြီး ကချင်ပြည်နယ် တွင် ငါးမွေးကန်စုစုပေါင်း ၈၆၃ဒသမ ၇၅၆ဧက၌ ငါးကောင်ရေ သုံးဆယ့်သုံးသိန်းကျော်ကို မွေးမြူထားရှိပြီးဖြစ်ကြောင်း။

ကချင်ပြည်နယ်သည် ကျောက်စိမ်းရတနာမြေရှိပြီး ကြေးနီ၊ ရွှေ၊ ကျောက်မီးသွေး၊ ပတ္တမြားထွက်ရှိကြောင်း၊ ကမ္ဘာကျော်သည့် ကျောက်စိမ်းထွက်ရှိမှုမှာလည်း ယခင်ကထက် ကီလိုထောင်ပေါင်းများစွာ တူးဖော်ထွက်ရှိလာခဲ့၍ နိုင်ငံတော်အတွက် နိုင်ငံခြားငွေများစွာ ရှာဖွေပေးနေကြောင်း၊ ကချင်ပြည်နယ်၏ ကျောက်စိမ်းထွက်ရှိမှုကို လေ့လာပါက ၂၀၀၀-၂၀၀၁ ခုနှစ်တွင် ကီလိုပေါင်း တစ်သိန်းခုနစ်သောင်းကျော် ရှိခဲ့ရာမှ ၂၀၀၅-၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် နှစ်ဆယ့်ခုနစ်သိန်း လေးသောင်းကျော် ပိုမိုထွက်ရှိလာခဲ့သည်ကို တွေ့ရှိခဲ့ကြောင်း၊ ထို့အပြင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု၊ နတ်မှော်ကျေးရွာ၊ နတ်မှော်ချောင်းနှင့်ဖားကန့်ရေကြည်ချောင်းအရှေ့တောင်ဘက် ပေ ၁၀၀ ခန့်အကွာတွင် မြန်မာ့ကျောက်မျက်ရတနာ တူးဖော်ရေးလုပ်ငန်း ကျောက်စိမ်းတူးဖော်ရေးဌာနပိုင် အလျား ပေ ၇၀၊ အနံ ၁၆ ပေ၊ အမြင့် ပေ ၂၀ရှိ အလေးချိန်တန် ၃၀၀၀ ကျော်ရှိ မဟာကျောက်စိမ်းတုံးကြီးသည်လည်း ကချင်ပြည်နယ်၏ ထင်ရှားသည့် ပြယုဂ်ကြီးပင်ဖြစ်ကြောင်း။

လွယ်ကူစွာသွားလာနိုင်

မိမိတို့ ကချင်ပြည်နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၃၄ ကျောင်း တိုးပွားလာခဲ့ပြီး ဆရာ၊ဆရာမအင်အားနှစ်ဆ တိုးပွားခဲ့ကြောင်း၊ ကချင်ပြည်နယ်တွင်း၌ ကျောင်းသားပေါင်း ၂၈၀၀၀၀ ကျော် ပညာဆည်းပူးလျက်ရှိကြောင်း၊ ယခင်က ဒီဂရီကောလိပ်တစ်ခုတည်းရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်တစ်ခု၊ ကွန်ပျူတာကောလိပ်နှစ်ခု၊ သိပ္ပံနှင့်နည်းပညာကောလိပ်နှစ်ခုကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့၍ ဒေသအတွင်း၌ ပညာတတ်များမွေးထုတ်ပေးနေပြီဖြစ်ကြောင်း၊ ယခင်က ကချင်ပြည်နယ်၌ ဆေးရုံ ၃၅ ရုံသာရှိခဲ့ရာမှ ယခုအခါ ၄၄ ရုံ ရှိလာပြီဖြစ်ကြောင်း၊ တိုင်းရင်းဆေးရုံတစ်ရုံနှင့် ဆေးပေးခန်းငါးခုကိုလည်း တိုးမြှင့်ပေးထားနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် စာတိုက်စခန်း ၈၀၊ ကြေးနန်းရုံး ၂၈ရုံး၊ ဖက်စ်မီလီ ၄၆ ခု၊ ကွန်ပျူတာကြေးနန်းခုနစ်ခု၊ တယ်လီဖုန်းရုံ ၅၆လုံး၊ မိုက်ခရိုဝေ့ဗ်စခန်း ၁၃ ခု၊ ကျေးလက်တယ်လီဖုန်းအိတ်ချိန်း ၁၇ ခု၊ အီးမေးလ်၊ အင်တာနက်ခြောက်ခုနှင့် ဂြိုဟ်တုဆက်သွယ်ရေးစခန်းသုံးခုတို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ကလိုင်ချောင်း၊ ကျိန်ခရမ်ခ၊ နမ်ခမ်းခ အလတ်စားရေအားလျှပ်စစ် စက်ရုံ သုံးရုံကို တည်ဆောက်ပေးခဲ့ပြီး မလိခတစ်ဖက်ချောင်းအကြီးစား ရေအားလျှပ်စစ်စီမံကိန်းနှစ်ခုကိုပါ တည်ဆောက်လျက်ရှိပြီး မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ် မတိုင်မီက လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် နယ်စပ်ဒေသများကို အလွယ်တကူမသွားရောက်နိုင်ခဲ့ကြသော်လည်း ၁၉၈၈ ခုနှစ်မှ ယနေ့ချိန်အထိ မိမိတို့ကချင်ပြည်နယ်တွင် ပေ ၁၈၀အောက်တံတား ၆၆၇စင်းနှင့် ပေ ၁၈၀အထက် တံတား ၃၃စင်းကို ထပ်မံတည်ဆောက် ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် အရှည်ပေ၂၆၈၈ရှိသည့် ဗလမင်းထင်တံတားကြီးကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ ကတ္တရာလမ်း ၁၂၄ မိုင်၊ ကျောက်လမ်းမိုင် ၁၉၀၊ အမာခံလမ်း ၂၅၉မိုင်၊ မြေသားလမ်း ၁၆ မိုင် ထပ်မံဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခင်က ရွှေဘို-မြစ်ကြီးနားကားလမ်းသည် ဒေသတွင်း မငြိမ်သက်မှုများကြောင့် ပြုပြင်နိုင်မှုမရှိသည့်အတွက် သွားလာရန် ခက်ခဲကြောင်း၊ ယခုဆိုလျှင် အရှည် မိုင် ၃၅၀ရှိသည့် မန္တလေး-ရွှေဘို မြစ်ကြီးနား ကားလမ်းအပြင် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် အရှည် ၄၁၇ မိုင်ရှည်သည့် မန္တလေး-တကောင်း-ငအိုး-ရွှေကူ-ဗန်းမော်-မြစ်ကြီးနားလမ်းကိုလည်း ဖောက်လုပ်ပေးနိုင်ခဲ့သည့်အတွက် မြန်မာပြည်မြောက်ဖျားမှ တောင်ဖျား ကော့သောင်းမြို့အထိ လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း။

အထူးသဖြင့် မည်သည့်ခေတ်၊ မည်သည့်အခါကမျှ မရနိုင်သည့် ကချင်အထူးဒေသ(၁)၊ ကချင်အထူးဒေသ(၂)တို့နှင့် ငြိမ်းချမ်းရေး တည်ဆောက်ကာ ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်များ ပိုမိုထက်သန်ခိုင်မာစေပြီး ကချင်ပြည်နယ်ကြီး ရှင်သန်ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို အားလုံးတွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အေးချမ်းတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့်များကို ရရှိခံစားနေရပြီဖြစ်၍ နိုင်ငံတော်ကြီးကို အထူးကျေးဇူးတင်ရမည်ဖြစ်ကြောင်း။

ကချင်အထူးဒေသ(၁)နယ်မြေ

ကချင်ပြည်နယ်အတွင်း နိုင်ငံတော်၏စေတနာနှင့် လုပ်ငန်းများအပေါ် ယုံကြည်လာကြသည့် ဒီမိုကရေစီသစ် တပ်မတော်(ကချင်) NDAKအဖွဲ့သည် ၁၅-၁၂-၈၉ရက်တွင်လည်းကောင်း၊ ကချင်လွတ်မြောက်ရေးအဖွဲ့ KIO အဖွဲ့သည် ၂၄-၄-၉၄ရက်တွင်လည်းကောင်း လက်နက်ကိုင် လမ်းစဉ်ကိုစွန့်လွှတ်ကာ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပြီး မိမိနယ်မြေခံ တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လာခဲ့ကြကြောင်း၊ ကချင်အထူးဒေသ(၁) နယ်မြေနှင့် ကချင်အထူးဒေသ(၂)နယ်မြေများတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ငွေကြေးများ ကျခံသုံးစွဲပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ စုစုပေါင်းငွေကျပ် ၂၀၀ဒသမ ၉၃သန်းကျခံသုံးစွဲပြီး ဖြစ်ကြောင်း၊ ကချင်အထူး ဒေသ(၁)နယ်မြေတွင် စိုက်ပျိုးရေးစခန်းတစ်ခု၊ တောင်စောင်းစိုက်ခင်း ငါးဧကတစ်ခု၊ လယ်မြေဖော်ထုတ်ခြင်း နှစ်ခုတို့အတွက် ငွေကျပ်သန်းပေါင်း ၁၂ဒသမ၆၆သန်းသုံးစွဲခဲ့ကြောင်း၊ မွေးမြူရေးလုပ်ငန်းအနေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးနှစ်ရုံး၊ မြင်းနှင့် သိုးတို့အတွက် ငွေကျပ်စုစုပေါင်း ၀ ဒသမ ၄၁သန်း သုံးစွဲခဲ့ကြောင်း၊ ပညာရေးလုပ်ငန်းအနေဖြင့် အခြေခံအထက်တန်းကျောင်းတစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းသုံးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၃၉ကျောင်းတို့အတွက် ငွေကျပ် စုစုပေါင်း ၁၄ ဒသမ ၀၆သန်း သုံးစွဲခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် လမ်း နှစ်လမ်း၊ တံတား ၁၀ စင်းတို့အတွက် စုစုပေါင်းငွေကျပ် ၅၈၀ ဒသမ ၆၇ သန်းသုံးစွဲခဲ့ကြောင်း၊ ဆက်သွယ်ရေးလုပ်ငန်းအတွက် စာတိုက်နှစ်ခု၊ တယ်လီဖုန်းအိတ်ချိန်း ငါးခု၊ ကြေးနန်းရုံးလေးခုတို့အတွက် စုစုပေါင်းငွေကျပ် ၇ ဒသမ ၁၁ သန်းသုံးစွဲခဲ့ပြီး ပြည်သူ့ဆက်ဆံရေးလုပ်ငန်း အနေဖြင့် ရုပ်/သံလွှင့်စက်ရုံ ခြောက်ရုံအတွက် ငွေကျပ် စုစုပေါင်း ၂၇ဒသမ ၀၂ သန်းသုံးစွဲခဲ့ကြောင်း၊ သာသနာရေးလုပ်ငန်းအနေဖြင့် စေတီတော်တစ်ဆူတည်ထားခြင်း၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ သိမ်တစ်ခု တည်ဆောက်ခြင်းတို့အတွက် ငွေကျပ် ၅ ဒသမ ၀၃ သန်း သုံးစွဲခဲ့ကြောင်း၊ အထွေထွေလုပ်ငန်းများအတွက် ငွေကျပ် ၁၃ဒသမ၀၅ သန်း သုံးစွဲခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ကြောင်း။

ကချင်အထူးဒေသ(၂)နယ်မြေ

ကချင်အထူးဒေသ(၂) နယ်မြေတွင် စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေးပညာပေးစခန်း သုံးခု၊ ရေလွှဲဆည်နှစ်ခု၊ လယ်မြေဖော်ထုတ်ရေးလုပ်ငန်း ငါးခုတို့အတွက် ငွေကျပ်စုစုပေါင်း ၆၇ ဒသမ ၅၀ သန်း သုံးစွဲခဲ့ပြီး မွေးမြူရေးလုပ်ငန်းအနေဖြင့် ကြက်ခြံတစ်ခြံ၊ တိမွေးကုရုံးနှစ်ရုံးတို့အတွက် ငွေကျပ်စုစုပေါင်း ၁ ဒသမ ၀၅ သန်း သုံးစွဲခဲ့ကြောင်း၊ ပညာရေးလုပ်ငန်းအနေဖြင့် အခြေခံပညာ အလယ်တန်းကျောင်းလေးကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း ၃၇ ကျောင်း တို့အတွက် ငွေကျပ်စုစုပေါင်း ၁၂၄ ဒသမ ၀၁ သန်း သုံးစွဲခဲ့ပြီး ကျန်းမာရေး လုပ်ငန်းတွင် ဆေးရုံနှစ်ရုံ၊ ဆေးပေးခန်း ၃၂ ခန်းတို့အတွက် ငွေကျပ်စုစုပေါင်း ၄၁ဒသမ၀၈သန်းသုံးစွဲခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ် ရေးလုပ်ငန်းတွင် လမ်း ၁၉လမ်း၊ တံတား ၁၁စင်းတို့အတွက် ငွေကျပ် စုစု ပေါင်း ၄၁၀ ဒသမ ၂၇ သန်းသုံးစွဲခဲ့သည့်အပြင် ဆက်သွယ်ရေးလုပ်ငန်းအတွက် တယ်လီဖုန်းအိတ် ချိန်းလိုင်း နှစ်ခု၊ စာတိုက်နှစ်ခု၊ ကြေးနန်းရုံးနှစ်ရုံးတို့အတွက် ငွေကျပ် စုစုပေါင်း ၇ ဒသမ ၂၅ သန်း သုံးစွဲခဲ့ကြောင်း၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းအနေဖြင့် ရုပ်သံလွှင့်စက်ရုံ ကိုးရုံ၊ စက်အင်ဂျင်ရုံးနှင့် ဝန်ထမ်းအိမ်အပါ အဝင် ငွေကျပ်စုစုပေါင်း ၄၄ ဒသမ ၉၂ သန်းသုံးစွဲခဲ့ပါကြောင်း တင်ပြလိုကြောင်း၊ သာသနာရေးလုပ်ငန်းအနေဖြင့် စေတီနှစ်ဆူတည်ထားခြင်း၊ ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ သီလရှင်စာသင်တိုက် နှစ်ခုတို့အတွက် စုစုပေါင်း ငွေကျပ် ၂၅ ဒသမ၈၇သန်း သုံးစွဲခဲ့ပြီး အထွေထွေလုပ်ငန်းများအတွက် ငွေကျပ်၁၃၉ ဒသမ ၈၁ သန်းသုံးစွဲခဲ့ကြောင်း၊ ယင်းတို့ကို ကြည့်ခြင်းအားဖြင့် မိမိတို့ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် မည်သည့်ခေတ် မည်သည့်ကာလကမျှမရရှိခဲ့သည့် ငြိမ်းချမ်းရေးအသီးအပွင့်များကို ရရှိခံစားနေရခြင်းပင်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်လျက်ရှိပြီး မြို့နှင့် ကျေးလက်ဒေသအပြင် ဝေးလံခေါင်းပါးဒေသများပါမကျန် တန်းတူဖြစ်စေရေးအတွက် ဝေးလံသောတိုင်းရင်းသား လူမျိုးစုများကို အထူးစောင့်ရှောက်ပေးရန် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထက်တွင် ဖော်ပြခဲ့သည့် လမ်းဖောက်ခြင်း၊ ဆည်မြောင်းတာတမံများတည်ဆောက်ခြင်း၊ စာသင်ကျောင်းများ၊ ဆေးရုံများ ဆောက်လုပ်ပေးခြင်း၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခြင်းများကို ကြည့်ခြင်းဖြင့် အဆိုပါဒေသများရှိ ပြည်သူများအပေါ် မည်မျှ ဆောင်ရွက်ပေးထားပြီး ယင်းလုပ်ငန်းစဉ်များတွင် မိမိတို့တိုင်းရင်းသားပြည်သူများနှင့် မိမိတို့အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်နေကြောင်း၊ ယခုကဲ့သို့ တိုင်းရင်းသားလူမျိုးစု၏ အထူးပြုရာဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်ပေးနေသည်ကို မျက်ကွယ်ပြု၍ လူမျိုးစုဝင်တိုင်းရင်းသားများကို မျိုးသုဉ်းစစ်ဆင်ရေးများပြုလုပ်နေသည်ဟု စွပ်စွဲနေသည်မှာ လုံးဝမဟုတ်မမှန်ကြောင်း သက်သေပြနေကြောင်း။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ၁၉၉၈ခုနှစ် နိုဝင်ဘာ ၁၄ရက်က ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတားကို ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဝေယျာဝစ္စဒါန

မြန်မာလူမျိုးများသည် ငယ်စဉ်ကကြီးသည်အထိ သူတစ်ပါးကို ကူညီလိုသည့်စိတ် အမြဲတမ်းကိန်းအောင်းနေကြောင်း၊ ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်းဆိုသည့် ဒါနကုသိုလ်မှုကို လူမှန်းသိတတ်စကပင် မိဘများက သွန်သင်ဆုံးမပေးခဲ့ကြကြောင်း၊ ဒါနကုသိုလ်အခြေခံကောင်းမွေးဖွားကြီးပြင်းလာသည့် လူမျိုးဖြစ်ပါကြောင်း၊ အလှူအတန်းပြုလုပ်သည့်အခါ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြသည်ကို ဝေယျာဝစ္စဒါနဟု ခေါ်ကြောင်း၊ ဝေယျာဝစ္စဒါနသည် လူမှုရေးသဘော အဓိကပါဝင်နေ၍ ရပ်ရေးရွာရေး၊ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေးနယ်ပယ်အထိ ကျယ်ပြန့်စွာ ဆက်စပ်ပတ်သက်နေကြောင်း၊ လုပ်အားအလှူသည် ငွေကြေးအလှူလိုပင် ဒါနဖြစ်ကြောင်း၊ မြန်မာလူမျိုးများ၏ နှလုံးသားထဲတွင် ကိန်းအောင်းနေသည့် စေတနာ၊ မေတ္တာများဖြင့် လုပ်အားဒါနပြုကြပါကြောင်း၊ ဘုရားတည်၊ ကျောင်းဆောက်၊ လမ်းဖောက်၊ တံတားဆောက်မှုများတွင် ငွေကြေးသာမက စေတနာလုပ်အား ဒါနလုပ်အားနှင့်တည်ပါကြောင်း၊ မြန်မာတို့၏ စေတနာအရင်းခံထားသည့် လုပ်အားဒါနကို အဓမ္မစေခိုင်းသည်ဟု ဝေဖန်ပြောဆိုကြ၍ မြန်မာလူမျိုးတို့ များစွာ စိတ်ထိခိုက်ကြရကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရန် ကိုယ့်အားကိုယ်ကိုး လမ်းဖောက်၊ တံတားဆောက် အလုပ်များကို ရှေးကာလပဝေသဏီကတည်းက မိမိတို့တိုင်းရင်းသားများသည် လူမှုရေးအသိအမြင်၊ မိမိအသိစိတ်ဓာတ်နှင့် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြကြောင်း၊ မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းအကျပ်ကိုင်စေခိုင်းမှုကြောင့် ဆောင်ရွက်ခဲ့ရခြင်း လုံးဝမရှိပါကြောင်း၊ မိမိတို့ကိုယ်တိုင်က ပါဝင်ခွင့်မရခဲ့လျှင်သာ ရှက်ဖွယ်အနေဖြင့် ကျေးရွာ၊ရပ်ကွက်အတွင်း အကဲ့ရဲ့ခံရခြင်းကြောင့် ယင်းသို့ လုပ်အားကူညီမှုမျိုးကို ယဉ်ကျေးမှုဓလေ့အရ ဂုဏ်ယူခဲ့ကြကြောင်း၊ မိမိတို့၏ ဓလေ့ထုံးတမ်းစဉ်လာနှင့် ယဉ်ကျေးမှုကို နားမလည်နိုင်သည့် အနောက်တိုင်းနိုင်ငံများ၏ စံနှုန်းနှင့် တိုင်းကြည့်ပြီး Force Labour ဟု စွပ်စွဲခဲ့ကြသူများသည် မိမိတို့ဒေသကို လမ်းတစ်ပေ၊ တံတားတစ်စင်းဆောက်လုပ်ရာတွင် နှမ်းစေ့မျှ ပါဝင်ခြင်းမရှိခဲ့ပါကြောင်း၊ မိမိတို့ဒေသကို မိမိတို့ဘာသာ တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ကြီးအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်လာသည်ကို မသိကျိုးကျွန်ပြုပြီး မိမိတို့၏ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ ဆောင်ရွက်လျက်ရှိ နေသည်ကို အဝေးမှနေပြီး ယင်းတို့၏ စံနှုန်းများနှင့် တိုင်းတာပိတ်ဆို့ အရေးယူမှုများပြုလုပ်နေခြင်းကို ကန့်ကွက်ပါကြောင်းကို ဤနေရာကနေ ကြေညာလိုကြောင်း။

စာမျက် ၆ ကော်လံ ၁သို့

စာမျက်နှာ ၅မှအဆက်

မိမိတို့ ကချင်ပြည်နယ်တွင် လူဦးရေ ၁၄၂၂၈၉၀ နေထိုင်လျက်ရှိပြီး ကချင် ၅၄၀၇၆၃ဦး၊ ဗမာ၄၁၆၇၇၅ဦး၊ ရှမ်း ၁၄၄၁၃၂ဦး စုပေါင်း နေထိုင်လျက်ရှိကြောင်း၊ ဘာသာရေးကိုးကွယ်မှု အနေဖြင့် ဗုဒ္ဓဘာသာ ၅၇ ဒသမ ၈ရာခိုင်နှုန်း၊ ခရစ်ယာန်၃၆ ဒသမ၄ရာခိုင်နှုန်း၊ ဟိန္ဒူ ၁ဒသမ၅၆ ရာခိုင်နှုန်း၊ အစ္စလာမ် ၁ ဒသမ ၁၅ ရာခိုင် နှုန်းနှင့်အခြား ၃ ဒသမ ၀၇ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ဘာသာရေးအဖွဲ့အစည်းများ၏ စုဝေးမှု၊ လှုပ်ရှားမှုများကို ထောက်လှမ်းခြင်း၊ စောင့်ကြပ်ခြင်း၊ ထိန်းချုပ်ခြင်းစသော စွပ်စွဲမှုများတွင်လည်း လုံးဝမမှန်ကန်ကြောင်း၊ အစ္စလာမ်ဘာသာများ နေထိုင်လျက်ရှိသောမြို့တိုင်း၊ ရွာတိုင်း၌ ဗလီဝတ်ကျောင်းများရှိခြင်း၊ ဗလီဝတ်ကျောင်းများတွင် အစ္စလာမ်ဘာသာဝင်များ အေးချမ်းစွာစုပေါင်းဝတ်ပြုခြင်း နေ့စဉ်ဆောင်ရွက်နေတာကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထိုနည်းတူ ခရစ်ယာန်ဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်များစွာတို့သည် မိမိတို့နှင့်သက်ဆိုင်ရာ ဘုရားကျောင်း၌ အေးချမ်းလွတ်လပ်စွာဖြင့် ဝတ်ပြုဆုတောင်းခြင်းကို ဆောင်ရွက်နေကြသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်လုံခြုံအေးချမ်းမှုရှိမှသာ အမျိုးသမီးများ၏ ဘဝလုံခြုံမှုရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှု၊ စီးပွားရေးတိုးတက်လာမှု၊ မြန်မာအမျိုးသမီးတို့၏ ဘဝလုံခြုံမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် စတင်ရရှိနေချိန်တွင် မိမိအလိုကျအစိုးရတင်မြှောက်လိုသော အင်အားကြီးနိုင်ငံ အချို့၏ အကြောင်းအမျိုးမျိုးပြကာ စီးပွားရေးပိတ်ဆို့ခြင်း၊ နိုင်ငံတော်တည်ငြိမ် အေးချမ်းမှုပျက်ပြားစေရန် အဖျက်အမှောင့်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများကို အားပေးထောက်ပံ့ခြင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားအမည်ခံ ပြယုဂ်ဖြင့်မမှန်သတင်းအမျိုးမျိုးထုတ်လွှင့်ကာလုံ့ဆော်နေခြင်းတို့ကြောင့် မြန်မာအမျိုးသမီးများ အပါအဝင် ပြည်သူတစ်ရပ်လုံး၏ ဘဝလုံခြုံမှုအတွက် စိုးရိမ်မကင်းဖြစ်လျက်ရှိနေကြကြောင်းဖြင့် ပြောကြားသွားသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက ပညာရေးထူးချွန်ဆု၊ စာစီစာကုံးပြိုင်ပွဲ ထူးချွန်ဆု၊ လူပုဂ္ဂိုလ် သာသနာပြုဆု၊ ကြက်ခြေနီထူးချွန်ဆု၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ထူးချွန်ဆု၊ အားကစားထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုငွေများကို အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အမျိုးသမီးရေးရာအသင်းဝင် အဆိုပြုလွှာ ၇၁၀၀ကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌထံ အမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေးမှူး ဒေါ်မြင့်မြင့်ဌေးက ပေးအပ်သည်။

ထို့နောက် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့သို့ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သွေးလှူဒါန်း

အခမ်းအနားအပြီးတွင် မြစ်ကြီးနား မြို့ရှိ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်ခန်းမ၌ ၂၀၀၆ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကိုကျင်းပရာ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စေတနာရှင်ပြည်သူ ၄၁ဦးတို့က ဇီဝိတဒါနစုပေါင်းသွေးလှူဒါန်းကြရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွေးလှူဒါန်းကြသူများအား အားပေးစကားပြောကြားကြပြီး အားဆေးနှင့် အာဟာရ စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ယင်းနောက် ပြည်နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းအနီး၌ ခြံစည်းရိုးကြက်ဆူပင် ၃၀၀ကို အမှတ်တရ စုပေါင်း စိုက်ပျိုးပေးကြပြီး မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်ကလေးများအား အာဟာရ တိုက်ကျွေးမှုကို လိုက်လံကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် ဇူလိုင် ၅

၂၀၀၆ ခုနှစ် ဇူလိုင် ၁၂ရက်မှ ဇူလိုင် ၁၅ရက်အထိ ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ဒသမ၃ ပေခန့်မှ၂၀ဒသမ ၆ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်းကို ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က သတိပေး အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဗြိတိန်နိုင်ငံမှ မြန်မာ့ရေးရာသုတေသီ တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဇူလိုင် ၅

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဗြိတိန်နိုင်ငံမှ မြန်မာ့ရေးရာသုတေသီ Professor Robert H. Taylor သည် ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမသို့ လာရောက် တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူပူဇော်မည်

ရန်ကုန် ဇူလိုင် ၅

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း (ရန်ကုန်မြို့)၏ ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင်၁၆ ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗဟိုရ်လမ်း၌ တည်ရှိသော ဓမ္မဇေယျဝတီ စာသင်တိုက်ကြီးရှိ ကျောင်းတိုက်ကြီး ၁၇တိုက်မှ ပဓာနနာယက ဆရာတော်ကြီး ၁၇ပါးအား ဝါဆိုသင်္ကန်းကပ်လှူပြီး ဆွမ်းပဒေသာပင်စိုက်ထူမည်ဖြစ်သည်။ ရန်ကုန်ရောက် မင်းလှမြို့နယ်သူ မြို့နယ်သားများ၊အသင်းဝင်များသည် မပျက်မကွက် ကြွရောက်ကြပါရန် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌ ဒေါက်တာလှမောင် ဖုန်း-၅၃၇၅၀၇၊ ဦးတင်အောင် ဖုန်း-၂၅၆၉၀၈(ရုံး)၊ ၅၂၆၇၃၅ (အိမ်)၊ အတွင်းရေးမှူး ဦးသန်းစိုး ဖုန်း-၃၈၂၇၈၇(ရုံး)၊ ၅၃၄၇၃၆(အိမ်)၊ ဦးမြင့်ဆွေ ဖုန်း-၂၅၆၀၃၇(အိမ်)၊ ဦးတင်မောင်ဦး ဖုန်း-၅၀၁၀၅၁(အိမ်)နှင့် ဘဏ္ဍာရေးမှူး ဦးဖုန်းတင့် ဖုန်း-၂၂၄၆၅၉(အိမ်)တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးများ ပုံပြောပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၅

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံ ပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ် ထုတ်လွှင့်သည့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၏ ပုံပြောပြိုင်ပွဲကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (ဘီ)၌ ကျင်းပရာ တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ပထမဆုကို အမက (၈) သဃ်န်းကျွန်း၊ ဒုတိယဆုကို အမက(၂) ကမာရွတ်၊ တတိယဆုကို အမက(၂)လှိုင်၊ နှစ်သိမ့်ဆုကို အမက (၁၂)စမ်းချောင်းတို့က ရရှိကြသည်။

ဆုရရှိကြသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ကြပြီး ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းများမှ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက် အထူးသတင်း

ခန္ဓာကိုယ်နာကျင်မှုကို အပူက ထိန်းပေးနိုင်

ရေနွေးပုလင်းတစ်လုံးကို ဖက်တွယ်ထားခြင်းဖြင့် အကိုက်အခဲပျောက်ဆေးကဲ့သို့ပင် ခန္ဓာကိုယ်တွင်း နာကျင်ကိုက်ခဲမှု သက်သာစေကြောင်းဖြင့် သိပ္ပံပညာရှင်များက ပြောဆိုသည်။

ကလာပ်စည်းများအတွင်းရှိ အပူကလာပ်စည်းနှင့် နာကျင်မှု ကလာပ်စည်းတို့ကို စူးစိုက်လေ့လာရန် လန်ဒန်တက္ကသိုလ် ကောလိပ်မှ သုတေသီများက ဒီအင်န်အေနည်းပညာကို အသုံးပြုသည်။

စမ်းသပ်ကြည့်ရှု

ဗိုက်အောင့်ခြင်းနှင့် လေထိုးလေအောင့်ခြင်းကဲ့သို့သော ခန္ဓာကိုယ်တွင်း နာကျင်မှုမျိုးကို မည်သည့်အတွက် အပူပေးခြင်းဖြင့် သက်သာသနည်းဆိုသော အချက်ကို သုတေသီများက စမ်းသပ်ကြည့်လိုကြသည်။

နည်းပညာ

ကလာပ်စည်းစုအတွင်းမှ အပူကလာပ်စည်းနှင့် နာကျင်မှု ကလာပ်စည်းအသားဓာတ်နှစ်မျိုးစလုံးပြုလုပ်ရန် သုတေသီများက ဒီအင်န်အေ နည်းပညာကို အသုံးပြုပြီး ထိုအပူကလာပ်စည်းနှင့် နာကျင်မှု ကလာပ်စည်းတို့အကြား မော်လီကျူးဆိုင်ရာ အပြန်အလှန် အကျိုးပြုမှုကို စောင့်ကြည့်လေ့လာသည်။

အပူကလာပ်စည်းက နာကျင်မှု ကလာပ်စည်းကို တားဆီးနိုင်ကြောင်း တွေ့ရသည်။

နာကျင်မှု တစ်နာရီကြာအထိ သက်သာစေရန် အပူကလာပ်စည်းက တားထားနိုင်ကြောင်း၊ မော်လီကျူး အချက်အလက်များက ပြသနေဆို၏။ သို့ဖြစ်၍ ခေတ်မီအကိုက်အခဲပျောက်ဆေးများ ဖော်ရာတွင် အထောက်အကူဖြစ်စေမည်ဆို၏။ **(ကိုးကား-အင်တာနက်)**



ကဖိန်းဓာတ်နည်းသောကော်ဖီ သောက်ခြင်းဖြင့် ဆီးချိုရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်

ကဖိန်းဓာတ်နည်းသော ကော်ဖီသောက်ပေးခြင်းဖြင့် ဆီးချိုရောဂါဖြစ်ပွားရခြင်းမှ အနည်းငယ် ကာကွယ်ပေးနိုင်ကြောင်း သုတေသနပြုချက်တစ်ရပ်အရ သိရသည်။

အမေရိကန်နိုင်ငံ၌ နေ့စဉ် ကဖိန်းဓာတ်နည်းသော ကော်ဖီခြောက်ခွက်အထက်သောက်သည့် အမျိုးသမီး ၂၈၀၀၀ကို ကော်ဖီမသောက်သူများနှင့် နှိုင်းယှဉ်လေ့လာကြည့်ရာတွင် ကော်ဖီသောက်သူများမှာ ဆီးချိုရောဂါ ဖြစ်ပွားခြင်းမှ ၃၃ရာခိုင်နှုန်း လျှော့ချနိုင်သည်ဟု ဆိုသည်။

အနည်းငယ်သာ

ကဖိန်းဓာတ်မပါသည့် ကော်ဖီသောက်သော အမျိုးသမီးများသည် ဆီးချိုရောဂါဖြစ်ပွားမှုမှ အနည်းငယ်သာလျှော့နိုင်သည်ဟု ဆိုသည်။

ကဖိန်းဓာတ်သည် ဆီးချိုရောဂါဖြစ်ပွားခြင်းကို လျှော့ချနိုင်စွမ်းမရှိဟု ဆိုသည်။

ဆန်းစစ်လေ့လာ

ယင်းလေ့လာချက်သည် မင်နီဆိုးတား ကျန်းမာရေးတက္ကသိုလ်မှ သုတေသန ပညာရှင်များက ၁၉၈၆ခုနှစ် ၁၉၉၇ခုနှစ်ကာလအတွင်း ကော်ဖီသောက်သည့် အမျိုးသမီးများကို ဆန်းစစ်လေ့လာရာမှ တွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အထောက်အထား

ကော်ဖီတွင်ပါဝင်သော မဂ္ဂနီဆီယမ်နှင့် ဖိုင်တစ်အက်ဆစ်တို့သည်လည်း သွေးချိုကိုထိန်းချုပ်ပေးနိုင်ဖွယ်ရှိသည်ဟု ဆိုသည်။ သို့ရာတွင် ယင်းအချက်နှင့် ပတ်သက်၍ အထောက်အထား အတိအကျမရှိသေးဟု ဆိုသည်။

ကော်ဖီတွင် အင်ဆူလင်ထုတ်ပေးသည့် ဆဲလ်များကို ကာကွယ်ပေးနိုင်သော(Phytochemicals) ဓာတ်တစ်မျိုးလည်း ပါဝင်သည်ဟု ဆိုသည်။ **(ကိုးကား-အင်တာနက်)**

ကွမ်းခြံကုန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၅

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၇ရက် (ဇူလိုင် ၁၆ရက်) တနင်္ဂနွေနေ့ နံနက်၈နာရီတွင် ဗဟန်းမြို့နယ် ဗဟန်း (၃)လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဝါဆိုသင်္ကန်းကပ်လှူ ပွဲအတွက် သင်္ကန်းနှင့် အခြားလှူဖွယ် ဝတ္ထုပစ္စည်းလှူလိုကြသော မြို့နယ်အသင်းသူအသင်းသားတို့သည် နာယက ဦးစိုးညွန့် ဖုန်း-၂၂၄၅၈၀၊ဥက္ကဋ္ဌ ဦးကျော်ခိုင် ဖုန်း-၂၄၆၁၄၀၊ အတွင်းရေးမှူး ဦးကျော်စိုး ဖုန်း-၀၉-၅၀၀-၁၄၂၆၊ တွဲဖက်အတွင်းရေးမှူး ဦးစန်းအောင် ဖုန်း-၆၆၄၆၀၇၊ ဘဏ္ဍာရေးမှူး ဦးကြိုင်မြင့် ဖုန်း-၃၇၁၅၆၂၊ အမှုဆောင် ဒေါ်ဥ ဖုန်း-၀၉-၈၀၃၃၉၁၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး ဗိုလ်မှူးမြင့်သူ၊ ဒေါ်တင်မာလွင် မိသားစုက ကွမ်းခြံကုန်း ဆန်ခေါက်ဆွဲဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

● **ကျောဖုံးမှ**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အင်းလေးကန် မိုင် ၂၀ပတ်လည်အတွင်း သစ်တော၊ ရေ၊ မြေ၊ သားငှက် ကာကွယ်ထိန်းသိမ်းရေးစီမံကိန်းလုပ်ငန်းများလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ရှမ်းပြည်နယ်၏ ပထဝီအနေအထားအရ ပြည်နယ်က ကျယ်ပြီး တောင်များကွယ်ကာ တိုင်းရင်းသား မျိုးနွယ်စုကများ၍ မြစ်ချောင်းများစွာက ခြားထားမှုကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ယခင်က ပြည်နယ်/ပြည်မ လူနေကွာဟချက်များကြောင့် သံသယပွားခဲ့ကြသော်လည်း ယနေ့ကာလတွင် ငြိမ်းချမ်းရေး လမ်းသစ်ဖောက်၍ မေတ္တာပေါင်းကူးတံတားများဆောက်ခဲ့ပြီဖြစ်၍ ပြည်နယ်အတွင်း တိုးလျှိုပေါက် တောက်လျှောက်ခရီးပေါက်နိုင်ရန် ခရီးလမ်း အဖုံဖုံကို နည်းလမ်းအစုံစုံဖြင့် နိုင်ငံတော်က ပုံဖော်ပေးခဲ့သည်ကို အားလုံး မျက်ဝါးထင်ထင်တွေ့မြင်ကြရမည် ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ကို ဆက်သွယ်ပေးသည့် သီပေါ-နမ့်လန်-ပန်ကေတုလမ်းနှင့် ရပ်စောက်-ကျောက်ဂူ-နောင်ချိုလမ်းသစ်များပေါ်ထွန်းသကဲ့သို့ မန္တလေးတိုင်းနှင့် တွယ်ဆက်ပေးသည့် ဟန်မြင့်မိုရ်-မြို့ကြီး-ရွာငံလမ်းနှင့် ပင်လောင်း-ပျဉ်းမနားလမ်းများဖြစ်ထွန်းလာခဲ့ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် ရွာချင်းဆက်၊ မြို့ချင်းဆက်ဒေသဖွံ့ဖြိုးရေးလမ်းကလည်း အများအပြားပင်ဖြစ်ကြောင်း၊ ထို့ပြင် မိုင်းပန်မြို့နယ်တွင် သံလွင်တံတား(တာဆန်း)နှင့် လဲချားမြို့နယ်တွင် မတ်လန်းတံတား၊ လင်းခေးမြို့နယ်တွင် လင်းခေးတံတားစသည့် အထူးစီမံကိန်းဝင်တံတားများအပါအဝင် တံတား ၂၈စင်း တိုးတက်တည်ဆောက်ပေးခဲ့ကြောင်း။

ပင်လုံတက္ကသိုလ်

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့တွင် တိုင်းရင်းသား သွေးချင်းလူငယ်မောင်မယ်များ ပညာသင်ကြားလျက်ရှိကြသည့် ပင်လုံတက္ကသိုလ်ကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

အဆင့်မြင့်တင်ဆောင်ရွက်

မီးရထားလမ်းအနေဖြင့် ယခင်က ရထားလမ်းခရီးမိုင် ၁၂၅ မိုင်သာရှိခဲ့သော်လည်း ရွှေညောင်-ရပ်စောက်ရထားလမ်းသစ် ၃၇ ဒသမ မိုင် ၅၀၊ ရွှေညောင်-နမ့်စန်ရထားလမ်းသစ် ၁၆၅ ဒသမ ၀၆ မိုင်နှင့် အောင်ပန်း-ပင်လောင်း-လွိုင်ကော်ရထားလမ်းသစ် ၁၀၁ ဒသမ ၈၂ မိုင် တိုးတက်ဖောက်လုပ်ခဲ့ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးလွယ်ကူ လျင်မြန် ကောင်းမွန်လာသည်ဆိုသည်ကို မည်သူမျှမငြင်းနိုင်ကြောင်း၊ လေကြောင်း ပို့ဆောင်ရေးကဏ္ဍတွင်လည်း နမ့်စန်လေဆိပ် တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပြီး ဟဲဟိုးလေဆိပ်ကို ဂျက်လေယာဉ်ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းတစ်ကွင်းအဖြစ် အဆင့်မြင့်တင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာထွန်းကားနေသည့် ယနေ့မျက်မှောက်ခေတ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ စာတိုက်စခန်း ၃၁ ခု၊ ကြေးနန်းရုံ ၁၅ ရုံ၊ ပြည်တွင်းဖက်စ်လုပ်ငန်း ၄၄ ခု၊ တယ်လီဖုန်းရုံ ၂၆ ရုံ၊ ကျေးလက် တယ်လီဖုန်းအိတ်ချိန်း ၁၀ ခု တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

အေးသာယာစက်မှုဇုန်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် တည်ဆောက်ရာတွင် စက်မှုလက်မှုကဏ္ဍအနေဖြင့် တောင်ကြီး အေးသာယာစက်မှုဇုန်ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့ပြီး စက်မှုလုပ်ငန်းရှင် ၉၉၂ ဦးကို နေရာချထားပေးခဲ့ကြောင်း၊ ၂၀၀၅-၂၀၀၆ခုနှစ်တွင် မော်တော်ယာဉ် ၈၁၈ စီး ထုတ်လုပ်နိုင်ခဲ့ပြီး လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် လယ်ထွန်စက် အစီး၂၀၊ စပါး ခြွေလှေ့စက် အစီး၂၀၊ ကြက်ဆူကြိတ်စက် သုံးခု၊ စပါးကြိတ်စက်၊ ပြောင်းခြွေစက်နှစ်ခုစီ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ အခြားစက်မှုလုပ်ငန်းများအနေဖြင့် ဓာတ်မြေဩဇာ အိတ် ၄၄၇၅၀၊ ကွန်ကရစ်မီးတိုင်မျိုးစုံ၃၆၀၀၊ အုတ်ဘလောက်စက်၃၀ခုနှင့် ရေအားလျှပ်စစ်တာဘိုင်ရှစ်ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် သံရည်ကျိုစက်ရုံ၊ စက်ခုတ်စားစက်ရုံနှင့် ပုံဖိပုံထောင်းစက်ရုံတို့ကို တည်ဆောက်ပြီး အေးသာယာစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်မှ အစုရှယ်ယာငွေကျပ် ၇၀၈၆ သိန်းဖြင့် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေးစွမ်းအားကို မြှင့်တင်ရာတွင် အဓိကကျသည့် လျှပ်စစ်စွမ်းအားနှင့်ပတ်သက်၍ ယခင်က ရေအားလျှပ်စစ်စက်ရုံ အလတ်စားတစ်ရုံနှင့် ဒီဇယ်သုံးစက်ရုံ ၁၂ ရုံသာရှိခဲ့သော်လည်း ယနေ့မျက်မှောက်ကာလ ရေအားလျှပ်စစ်စက်ရုံအကြီးစားနှစ်ရုံ၊ အသေးစားတစ်ရုံ၊ ရေနွေးငွေ့သုံးစက်ရုံ တစ်ရုံ၊ ဒီဇယ်သုံးစက်ရုံ ၁၇ ရုံတိုးတက်ဖြစ်ထွန်းလာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ၅၄ မဂ္ဂါဝပ် ထုတ်ယူရရှိနိုင်မည့် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကြီးကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကာလပြီးလျှင် ရှမ်းပြည်နယ်တွင် လျှပ်စစ်မီးထိန်ထိန်ညီး တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ကျေးရွာ မီးလင်းရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးခဲ့သည့်အပြင် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်များလည်း တည်ဆောက်သုံးစွဲလျက်ရှိကြောင်း။

မြေအောက်သယံဇာတပေါကြွယ်ဝသည့် မိမိတို့ရှမ်းပြည်နယ်တွင် ၁၉၈၈ ခုနှစ် နောက်ပိုင်း ကျောက်မျက်ရတနာမြေနှင့် သတ္တုတွင်းလုပ်ကွက်စခန်းများ တိုးချဲ့ဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ကျောက်မျက်များသာမက သံ၊ငွေ၊ ကြေးနီ၊ ခဲ၊ သွပ်၊ သတ္တုရိုင်းများနှင့် ကျောက်မီးသွေး၊ ဘရိုက်တီး၊ ဂေါ်ဒန်၊ မြေစေး၊ မင်ဂနီ(စ်)၊ ဖလိုရိုက်၊ ခနောက်စိမ်းစသည့် သတ္တုနှင့် တွင်းထွက်သယံဇာတများထွက်ရှိကြောင်း၊ ထို့ကြောင့်လည်း ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို ပင်လောင်းမြို့နယ် တီကျစ်ကျေးရွာ၌ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်နိုင်ခဲ့သည်ဆိုသည်ကို ညီအစ်မများအားလုံး တွေ့မြင်နိုင်ပါကြောင်း။

ဖွင့်လှစ်ထူထောင်

နိုင်ငံတော်အစိုးရအနေဖြင့် ပညာခေတ်၏ စိန်ခေါ်မှုများကို အောင်မြင်စွာကျော်လွှားပြီး ပြည်ထောင်စုကြီးရေရှည်တည်တံ့ခိုင်မြဲကာ တိုင်းရင်းသားလူမျိုးများ အားလုံးတည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်လျက်ရှိရာ ၁၉၈၈ ခုနှစ်ကထက် ပညာရေးကဏ္ဍ၌ အခြေခံပညာကျောင်းအင်အား ၉၁၃ ကျောင်း၊ ဆရာဆရာမဦးရေ၃၉၀၀ တိုးတက်လာပြီး အခြေခံပညာကျောင်းသူကျောင်းသား ၁၁၁၈၆၃ ဦးတိုးပွား ပညာဆည်းပူးလျက်ရှိကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် အခြေခံပညာကျောင်းပေါင်း ၁၃၈ ကျောင်း ထူထောင်ပေးခဲ့ကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် ယခင်က တောင်ကြီးကောလိပ်တစ်ခုသာရှိခဲ့သော်လည်း ယခုဆိုလျှင် တောင်ကြီးနှင့်ပင်လုံ တက္ကသိုလ်နှစ်ခု၊ အစိုးရနည်းပညာကောလိပ်နှစ်ခု၊ ကွန်ပျူတာကောလိပ်နှစ်ခု၊ ပညာရေးကောလိပ်တစ်ခု ဖွင့်လှစ်ထူထောင်နိုင်ခဲ့ပြီဖြစ်ကြောင်း။

မဝေးလှသည့် အတိတ်ကာလကို ပြန်ပြောင်းကြည့်လျှင် ရှမ်းပြည်နယ်၏ အစွန်အဖျားကျသည့် ကျေးရွာဒေသများတွင် ဆူပူသောင်းကျန်းမှုများကြောင့် တိုင်းရင်းသားကလေးငယ်များသည် ကျောင်းပညာသင်ကြားနိုင်သည့် အခြေအနေမရှိဘဲ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသော်လည်း ယနေ့အခြေအနေ၏ နယ်မြေဒေသအေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုများရှိလာပြီး စာသင်ကျောင်းများကိုလည်း ကျေးရွာတိုင်းနီးပါး ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြည်နယ်ကြီးတစ်ခုလုံး ထူးထူးခြားခြား တိုးတက်ပြောင်းလဲနေသကဲ့သို့ အေးချမ်းတည်ငြိမ်မှုများလည်း မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်ကြောင်း။

ဘိန်းရောင်းဝယ်မှု လုံးဝတားမြစ်ခဲ့

အတိတ်သမိုင်းကို ပြန်ကြည့်လျှင် ကိုလိုနီနယ်ချဲ့တို့၏စနစ်ကြောင့် မိမိတို့မြန်မာနိုင်ငံတွင် ၁၈၈၅ ခုနှစ်နောက်ပိုင်းကစပြီး သံလွင်မြစ်အရှေ့ဘက်ကမ်း ရှမ်းတောင်တန်းနှင့် ကချင်တောင်တန်းများ၌ ဘိန်းကို တရားမဝင်စိုက်ပျိုးစေခဲ့ရာမှ မူးယစ်ဆေးဝါးဖြစ်သည့်ဘိန်းသည် မြန်မာနိုင်ငံအတွင်း၌ နေရာယူလာခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတော်အစိုးရသည် ဘိန်းစားများ ပပျောက်ရေး၊ ဘိန်းခန်းများ ဖျက်သိမ်းရေး (၅)နှစ်စီမံကိန်းကို ၁၉၄၈ ခုနှစ်တွင် စတင်ရေးဆွဲဆောင်ရွက်ခဲ့သကဲ့သို့ ၁၉၅၅ ခုနှစ်တွင် ဘိန်းစား ဘိန်းရှူသူများမှတ်ပုံမတင်မနေရ ဥပဒေကိုပြဋ္ဌာန်းကာ ဘိန်းဖြတ်ဆေးခန်းများ၌ ဘိန်းပြတ်သည်အထိ ဆေးကုသမှုခံယူစေခဲ့ကြောင်း၊ ထို့အပြင် ၁၉၆၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ရှမ်းပြည်နယ်၌ရှိသည့်လက်ကျန်ဘိန်းခန်းများအားလုံးကို ပိတ်ပင်ခဲ့ပြီး ဘိန်းရောင်းဝယ်မှုကို လုံးဝတားမြစ်ခဲ့ကြောင်း။

ယခု တပ်မတော်အစိုးရလက်ထက်၌လည်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးကို မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ် ချမှတ်ပြီး (၁၅) နှစ်စီမံကိန်း၊ ပန်းတိုင်သစ်စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အနေဖြင့် မူးယစ်ဆေးဝါး ဘိန်းချက်စခန်း ခြောက်ခုကို ထူးထူးခြားခြား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ထို့အပြင် တပ်မတော် တောင်ကြီးမူးယစ်(အထူး)အဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့တို့သည် ၂၀၀၆ခုနှစ် ဇန်နဝါရီမှ ယနေ့အထိ ဘိန်းဖြူ ၃ဒသမ ၅၄၂၇ ကီလို၊ ဘိန်းစိမ်း ၂၂၂ဒသမ၄၁၂၁၇ကီလို၊ ဘိန်းညှိမှုန့် ၃၅၅ကီလို၊ ဘိန်းရည် ၁၆၀၉ ဒသမ ၆၉၃ လီတာ၊ ဘိန်းဆီခဲ ၁ ဒသမ ၅၃၃၀၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၁၈၈၈ ပြား၊ အမိုနီယမ်ကလိုရိုဒ် ၆၅၂ ဒသမ ၅ ကီလို၊ ဟိုက်ဒြိုကလိုရစ် အက်စစ် လစ်တာ ၁၉၀နှင့် လိုက်ဇော ၈၁၈ ဒသမ ၅ လီတာတို့ ဖမ်းဆီးနိုင်ခဲ့ကြောင်း။

အစားထိုးသီးနှံ

မူးယစ်ဆေးဝါးသုံးစွဲသူများကို ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ဖယ်ခုံမြို့နယ် ရွှေပြည်အေးလူငယ်များ ပြုစုပျိုးထောင်ရေးဌာန၌ ယခုအထိ သင်တန်းပေါင်း(၂၈) ကြိမ်ဖွင့်လှစ်ပြီး သင်တန်းသား ၄၂၇ ဦးကို အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ ကျန်းမာရေးအသိပညာများ သင်တန်းပေးနိုင်ခဲ့ကြောင်း၊ ဘိန်းခင်းများဖျက်ဆီးပြီး ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေးအတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ထုတ်ပေးသည့် ငွေကျပ် ၁၂၇ သိန်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ် ၁၆ မြို့နယ်၌ ရွှေရင်အေးစပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ အစေ့ထုတ်ပြောင်း၊ စပ်မျိုးပြောင်း၊ ပဲပုပ်၊ ပဲစင်းငုံ၊ ဂျုံ၊ ပန်းဂျုံ၊ ကော်ဖီ၊ လက်ဖက်၊ လိမ္မော်စသည့် အစားထိုးသီးနှံများ စိုက်ပျိုးလျက်ရှိကြောင်း။

ယင်းသို့နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် မိမိတို့ အမျိုးသမီးရေးရာအဖွဲ့နှင့်ဌာနဆိုင်ရာများ၊ မိတ်ဖက်လူမှုရေးအသင်းအဖွဲ့များက ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူလူထု၏ အမျိုးသားရေးအကျိုးစီးပွားကိုရှေးရှုပြီး ဒေသတိုးတက်ဖွံ့ဖြိုးရေး၊ ဝပြောစည်ပင်သာယာရေးလုပ်ငန်းများ လုပ်ဆောင်နေချိန်တွင် ပြည်တွင်းပြည်ပ သစ္စာဖောက်ပုဆိန်ရိုးများ၊ အဆိုးမြင်ဝါဒီများက အခုကဲ့သို့ တိုးတက်ဖြစ်ထွန်းနေမှုများကို မနာလိုမရှုဆိတ်ဖြစ်ပြီး ရှမ်းတိုင်းရင်းသားများကို မျိုးဖြုတ်စစ်ဆင်ရေးများ ပြုလုပ်နေကြောင်း စွပ်စွဲခဲ့ကြောင်း။

မကောင်းမှုဒုစရိုက်များ

မိမိတို့ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ခရိုင်သုံးခရိုင် ရှိပြီး တောင်ကြီးခရိုင်၌ သောင်းကျန်းသူများမရှိတော့ဘဲ တည်ငြိမ်အေးချမ်းနေပြီဖြစ်ကြောင်း၊ လွိုင်လင်နှင့် လင်းခေးခရိုင်အတွင်းက မြို့နယ်အချို့၌ SSA (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ ခိုအောင်းလှုပ်ရှားနေသည့်အတွက် ယင်းနယ်မြေမှာရှိသည့် ပြည်သူများသည် ငြိမ်းချမ်းမှုအရသာကို အပြည့်အဝ မခံစားနိုင်ကြသေးကြောင်း၊ မကြာမီက သောင်းကျန်းသူများ၏ လုပ်ဆောင်မှုအချို့ကို တင်ပြရလျှင် ၂၆-၃-၂၀၀၅ရက်တွင် ဟိုပုံးမြို့နယ်တွင်ရှိသည့် ထီတခု၊ နောင်ဒေး၊ မုန်းလွတ်၊ ကုန်းမုန်း၊ ပါမိုင်းရွာ ငါးရွာကို SSA(ရှက်ဆစ်)စိုင်းချစ် ခေါင်းဆောင်သည့်အဖွဲ့က မီးရှို့ဖျက်ဆီးသည့်အတွက် အိမ်ခြေ ၉၈ လုံး၊ မူလတန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ၆-၄-၂၀၀၅ ရက်တွင် လဲချားမြို့နယ် ဝမ်ယိမ်းရွာ၌ ကျောင်းရေစက်ချပွဲပြုလုပ်နေစဉ် လက်ပစ်ဗုံးဖြင့်ပစ်ခတ်ခဲ့သဖြင့် ကိုရင်နှစ်ပါးနှင့်ကျား ၁၈ဦး၊ မ ခြောက်ဦး ပေါင်း၂၆ ဦး ဒဏ်ရာရရှိခြင်း၊ ၁၆-၇-၂၀၀၅ရက်တွင် မောက်မယ်မြို့နယ် ကဒူးကြီးရွာ ဘုန်းကြီးကျောင်း၌ အစည်းအဝေးပြုလုပ်နေစဉ် SSA (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူ လိယ ဦးစီးအဖွဲ့က ဘုန်းကြီးကျောင်းပေါ်တက်၍ ဥက္ကဋ္ဌ အပါအဝင် ရွာသား ၁၄ ဦးအား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခြင်း၊ ၁၂-၇-၂၀၀၅ရက်တွင် ကျေးသီးမြို့နယ် ဝမ်ဟုတ်ကျေးရွာရှိ နောင်တုံကုမ္ပဏီ ကျောက်မီးသွေးတူးဖော်ရေးစီမံကိန်း ဧရိယာအတွင်း ဝင်ရောက်ပြီး အလုပ်သမားတဲများ၊ အဆောက်အအုံများ မီးရှို့ဖျက်ဆီးခြင်း၊ အလုပ်သမားများထံမှ နာရီ၊ လက်စွပ်၊ဆွဲကြိုးများလုယူခြင်း၊ ၂၃-၈-၂၀၀၅ ရက်တွင် လဲချားမြို့နယ် ဝမ်ပန်ကျေးရွာအုပ်စု ဟိုနားရွာမှ ရွာသားသုံးဦး၊ ဝမ်မိုင်ကျေးရွာအုပ်စု ဟိုနောင်ရွာမှ ရွာသားငါးဦး၊ နောင်လုံရွာမှ ရွာသားနှစ်ဦး စုစုပေါင်း ၁၀ဦးကို လူသစ်စုဆောင်းရေးအတွက် ဖမ်းဆီးခေါ်ဆောင်သွားခြင်း၊ ၁၀-၉-၂၀၀၅ရက်တွင် လင်းခေးမြို့နယ် တင်တုံ၊ နားဝမ်၊ ဟန်ကျောင်းရွာတို့မှ နှမ်းရိတ်နေသော ရွာသား၂၅ဦးအား အဓမ္မလူသစ်စု ခေါ်ဆောင်သွားခြင်း၊ ၁၃-၁၁-၂၀၀၅ရက်တွင် SSA(ရှက်ဆစ်)အဖွဲ့မှ ပင်လောင်းမြို့နယ် အတွင်းမှ အဓမ္မခေါ်ဆောင်သွားသည့် သက်န်းဝတ်ကိုးဦး အပါအဝင် လူသစ် ၁၄ဦးအား တပ်မတော်နှင့်ပြည်သူများက အချိန်မီဖော်ထုတ်ထိန်းသိမ်းခဲ့ရခြင်း၊ ၂၅-၁-၂၀၀၆ ရက်တွင် ဟိုမိန်းမှ လင်းခေးသို့ ထွက်လာသည့် အရပ်ယာဉ် ငါးစီးအား သောင်းကျန်းသူများက ဝပ်စလောင်းရွာအနီးတွင် ပိတ်ပင်တားဆီး၍ ငွေကျပ် ၁၀သိန်းကို ဓားပြတိုက် ယူဆောင်သွားခြင်း စသည့် ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ လူသတ်၊ မီးရှို့၊ မကောင်းမှု ဒုစရိုက်များကို ဆောင်ရွက်နေတာတွေ့ရကြောင်း။

နိုင်ငံတစ်နိုင်ငံ၏အရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေး၊ လုံခြုံရေးကို တိုက်ရိုက်အန္တရာယ်ပြုလာနိုင်သည့် အခြေအနေပေါ်ပေါက်လာမှသာ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အရ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းစဉ်းစားနိုင်မည်ဖြစ်ကြောင်း၊ ယင်းလိုအပ်ချက်အရ ပြည်ထောင်စုဖွားတိုင်းရင်းသားမျိုးနွယ်စုများ စုပေါင်းနေထိုင်ကြသည့် ရှမ်းပြည်နယ်ထဲမှ ရှမ်းတိုင်းရင်းသားဒေသခံများအပေါ်၌သာ လူမျိုးသုဉ်းသတ်ဖြတ်မှုပြုလုပ်နေကြောင်း စွပ်စွဲချက်သည် လုပ်ဇာတ်ခင်းနေခြင်းဖြစ်သည်ဟု သုံးသပ်တွေ့ရှိနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးတည်ဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစတင် ပေါက်ဖွားလာသည့် ပင်လုံဒေသအခြေပြုသည့် မိမိတို့ရှမ်းပြည်နယ်ကို ဘက်ပေါင်းစုံက တည်ဆောက်ဖန်တီးမှုများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေသည်ဆိုသည်ကို တိုးတက်ဖြစ်ထွန်းမှုများက သက်သေပြလျက်ရှိကြောင်း။

လုပ်ကြံစွပ်စွဲချက်

နိုင်ငံတော်အစိုးရအနေဖြင့် အောက်ခြေလူတန်းစား အလွှာကို ဦးစားပေးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊

စာမျက်နှာ ၁၄ ကော်လံ ၆ သို့

✡ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ ပင့်ဖိတ်တော်မူထားသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ကိုးပါးသီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အမှူးပြုသော ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်တို့က နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ကဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဝါဆိုသင်္ကန်းဆက်ကပ်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ကိုးပါးသီလ ခံယူဆောက်တည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အမှူးပြုသော ပရိသတ်တို့က ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသက အနုမောဒနာတရားနှင့် ရေစက်ချတရား ဟောကြားချီးမြှင့်တော်မူရာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်တို့က နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၆-၇-၂၀၀၆ရက်
(ကြာသပတေးနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၀၅ ၇။ အကပဒေသာ
- ၈:၁၅ ၈။ အတီးပြိုင်ပွဲ
- ၈:၂၀ ၉။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Let's Go.

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English For Everyday Use.
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၁၇:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၂၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၃၅ ၈။ "စည်းကမ်းလိုက်နာဘေးကင်းမှာ" (ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မေ့စ်၊ လင်းဇာနည်ဇော်၊ ပွင့်) (ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး-ဝ/သ၊ ရန်ကုန်)
- ၁၇:၄၅ ၉။ တေးဂီတအစီအစဉ်
- ၁၇:၅၅ ၁၀။ အာရှ-ဥရောပ လူငယ်အား ကစားပြိုင်ပွဲတွင် ခြင်းလုံးခတ်ပြသအပါအဝင်
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၃။ သီရိဂေဟာ
- ၁၉:၀၀ ၁၄။ ထူးချွန်ထင်ရှား မြန်မာအမျိုးသမီးများ(အပိုင်း-၂)
- ၁၉:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်လိပ်ပြာလေး တဝဲလည်လည်" (အပိုင်း-၃)
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း "နှောင်ကြိုး၏လက်ဆောင်" (အပိုင်း-၁) **(လွင်မိုး၊ အောင်လွင်၊ နန္ဒာလှိုင်) (ဒါရိုက်တာ-မောင်မျိုးမင်း)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၆-၇-၂၀၀၆
(ကြာသပတေးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ သာသနာ့အနွယ်ဝင် သီလရှင်
- ၇:၂၀ တေးဂီတအစီအစဉ်
- ၇:၂၅ အနုပညာရပ်ဝန်းမှ ရှင်ခုန်သံများ **"မော်ဒယ်အချစ်များ"**
- ၇:၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၇:၅၅ ဝါသနာရှင်စင်မြင့်
- ၈:၃၀ နိုင်ငံတကာ သတင်းအကျဉ်း
- ၈:၃၅ တေးဂီတအစီအစဉ်
- ၈:၄၀ ယနေ့သိပ္ပံနှင့် နည်းပညာ (သန္တာအေး၊ A သူမြင့်)
- ၈:၅၀ တေးဂီတအစီအစဉ်
- ၈:၅၅ မိုင်ပေါင်းကုဋေဝေးပါစေ ခရီးတွင်စေတာ မောင်မြန်မာ
- ၉:၁၅ မိုးလေဝသခန့်မှန်းချက်
- ၉:၂၀ တေးဂီတအစီအစဉ်
- ၉:၂၅ အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ (ခင်စောမျိုး)
- ၁၀:၂၀ တေးဂီတအစီအစဉ်
- ၁၀:၂၅ ဒေသဇရာအစားအစာ ပုသိမ်ဟာလဝါ
- ၁၀:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၄၅ တေးဂီတအစီအစဉ်
- ၁၀:၅၀ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာဌာနအကြောင်း သိကောင်းစရာ (အပိုင်း-၂)
- ၁၁:၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၁၀ Fashion Fever-1 (Designer ခင်စန်းဝင်း၏ သတို့သမီးဝတ်စုံများ)
- ၁၁:၄၀ တေးဂီတအစီအစဉ်
- ၁၁:၅၀ ရွှေလောင်းတံတား
- ၁၂:၀၀ MRTV -4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကျန်းမာသန့်ရှင်း ရောဂါကင်း

သန်ကောင်ဥကို ဘယ်သူယူ
လောက်ကဖြစ်တဲ့ ယင်ကယူ
ယင်ကဘယ်လို သယ်လို့သွား
အတောင်ပံနဲ့ ခြေလက်ကြား
စားစရာမှာ နားခဲ့စဉ်
ပါးစပ်ထဲကို သန်ဥဝင်
လူ၏အူတွင် သန်ကောင်ပွား
ရောဂါမျိုးစုံလူခံစား
အဲဒီလိုမဖြစ်အောင် လူတိုင်းတား----။

"အလို-ငါ့တူလေးမောင်သန့်စင်က ကဗျာစပ် တယ်တော်ပါလား ဟေ့"

တစ်နေ့တွင် ကျွန်မညီမတော်သူအိမ်သို့ ရောက်သွားစဉ် ငါးတန်းကျောင်းသားလေးက သူစပ်ထားသော ကဗျာလေးကိုလာပြရာ ကျွန်မသည် အံ့သြဝမ်းသာဖြစ်ရသည်။

အသက် ၁၂ နှစ်ခန့် ကလေး၏ဦးနှောက်အတွေးအခေါ် မြင့်မားမှုကို ကျွန်မသဘောကျလွန်း၍ တူကလေးကို ပွေ့ဖက်ထားလိုက်မိပါသည်။

အက်(စ)ကားရစ်ခေါ် သန်လုံးကောင်သည် တစ်နေ့ကို သန်ဥနှစ်သိန်းဥချ၍ သန်ကောင်ရှိသော သူ၏မစင်တွင် အမြဲပါရှိနေလေသည်။

ယင်နားစာကို စားမိလျှင်ဖြစ်စေ၊ အညစ်အကြေး၊ ဖုန်၊ အမှိုက်သရိုက် မြေကြီးတို့ကိုကိုင်ပြီး လက်မဆေးလျှင်ဖြစ်စေ၊ ဟင်းသီးဟင်းရွက်အစိမ်းများကို သေသေချာချာ စင်ကြယ်စွာမဆေးလျှင်ဖြစ်စေ သန်ကောင်ဥများ ပါးစပ်ထဲသို့ဝင်သွားပြီး အူထဲတွင် သန်ကောင်များပေါက်လေတော့သည်။

ထို့နောက် အူ၏နံရံကိုဖောက်ထွင်း၍ သွေးကြောထဲမှတစ်ဆင့် အဆုတ်ထဲသို့ တစ်ပတ်မှနှစ်ပတ်အတွင်း ရောက်သွားပြန်ရာ ထိုအချိန်တွင် အဆုတ်ပွ၊ အဆုတ်ရောင်ပြီး ချောင်းဆိုးလိုက်၍ ထွက်လာသော သန်ကောင်ငယ်များကို မျိုချမိပြန်သည်။ ထိုသန်ကောင်ငယ်များသည် အူတွင်းရှိ အစားအစာများကို စားသောက်၍ကြီးထွားလာပြီး သန်ကောင်ဥများ ဥကြပြန်သည်။

လွန်ခဲ့သော နှစ် ၂၀ ကျော်ခန့်က ကလေးဆေးရုံတွင် ဝမ်းသွားပြီး သန်ကောင်အန်သော ကလေး၊ သွေးအားနည်းပြီး နံရိုးပြိုင်းပြိုင်းနှင့် ပိန်နေသောကလေးများ၊ ရောဂါမျိုးစုံဝင်၍ အာဟာရချို့တဲ့နေသော ကလေးများအတွက် သခင်မြပန်းခြံရှိ အဆောက်အအုံတွင် ကလေးအာဟာရယူနစ်ကို ဖွင့်ခဲ့ရသည်။

ထိုကလေးအာဟာရယူနစ်တွင် တက်ရောက်ကုသကြသော ကလေးငယ်များ၏ မိခင်များကို သန်ကောင်ရောဂါအကြောင်း ဆရာဝန်ဆရာမများက ရှင်းပြပြီး မစင်တွင်ပါသော သန်ကောင်ဥကို မှန်ဘီးလူအောက်တွင် လက်တွေ့မျက်မြင်ပြသရာ မိခင်ပေါင်း မြောက်မြားစွာတို့သည် သန်ကောင်ဖြစ်ပေါ်လာပုံ၊ ဒုက္ခပေးပုံတို့ကို သိနားလည်ပြီး အချင်းချင်းပြောပြခြင်း၊ သင်တန်းပို့ချပေးခဲ့ရခြင်းတို့ကို သတိရမိပါသည်။

ဗုဒ္ဓဟူးနေ့တိုင်း ခန်းလုံးပြည့်လျှံနေသော ပရိသတ်အား ကျန်းမာရေးပညာပေးခြင်း၊ ပိန်ပြီးမျက်တွင်းချိုင့်နေသော ကလေး၊ ဖောရောင်၍ အာဟာရပြတ်နေသော ကလေးများကို ချီပိုး၍ မိခင်များကိုယ်တိုင် သန်ကောင်ရောဂါအကြောင်း၊ သန်ကောင်ရောဂါ ကာကွယ်ရေး၊ ကာကွယ်ဆေးထိုးပေးရေး၊ နို့ဘူး၊ နို့ဆီမတိုက်ဘဲ မိခင်နို့တိုက်ကျွေးရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး အကြောင်းများ ဟောပြောခဲ့သည်။

ဆေးရုံတက်ပြီး နှစ်ပတ်အကြာတွင် ကလေးများ ဝဖြိုး၊ရောဂါကင်းစင်လာသည့်ပုံများကို သတင်းစာဆရာများ လာရောက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

"ဒီသန်ကောင်ရောဂါဟာ ဘယ်လောက်ဆိုးသလဲဆိုရင် သန်ကောင်တွေက အူထဲမှာရှိတဲ့ အစားအစာတွေ စားတော့ ကလေးတွေလဲပိန်ပြီး သွေးအားနည်းရတယ်။ သန်ကောင်တွေက ဗိုက်ထဲမှာပြည့်လာတော့ ဗိုက်နာပြီး အူမှာပိတ်နေလို့ ခွဲစိတ်ပြီး သန်ကောင်တွေထုတ်ပစ်ရတယ်၊ တစ်ခါတလေ အသည်းထဲဝင်လို့ အသည်းရောင်အသားဝါရောဂါလည်း ရတတ်ပါသေးတယ်။

"တစ်ခါတလေ အူဖောက်ပြီးထွက်လာလို့ ဗိုက်ခွဲကုရပါတယ်။ အဲဒီလို အဖြစ်ဆိုးတွေမဖြစ်ရအောင် အိမ်တိုင်းမှာ ယင်လုံအိမ်သာရှိအောင်လုပ်ထားပါ။ ဒါမှ မစင်ကနေ ရောဂါမပြန့်ပွားအောင် တားဆီးနိုင်ပါမယ်။ အိမ်သာတက်ပြီး လက်ကိုဆပ်ပြာနဲ့ ဆေးဖို့၊ ကလေးထမင်းကျွေးရင်လည်း သန်ဥနဲ့ ရောဂါပိုးတွေ ကင်းစင်သွားအောင် လက်ကိုဆပ်ပြာနဲ့ သေသေချာချာဆေးဖို့လိုပါတယ်။ ထမင်းခူးတဲ့အခါ ယင်လုံအောင် ဆန်ခါအုပ်ဆောင်းကလေးနဲ့ အုပ်ထားပါ။ ဟင်းသီးဟင်းရွက် အစိမ်းစားရင်လည်း သေသေချာချာဆေးကြောပါလို့ မိခင်တွေကို မှာချင်ပါတယ်"

ယုဝတီ ခင်ဦး

"ကျွန်မရဲ့ကလေးဟာ သန်ကောင်ကြောင့် ဝမ်းဖောဝမ်းပျက်နေခဲ့ရာက အာဟာရယူနစ်မှာ အခုသန်ချဆေးကျွေးပြီး အာဟာရပြည့်ဝအောင် ပဲ၊ အာလူး၊ ကန်စွန်းရွက်နဲ့ ပင်လယ်ငါးအမျိုးမျိုး ကျွေးခဲ့ပါတယ်။ အခုဆို ဝလာပါတယ်၊ ကျွန်မကို နမူနာယူပြီး ကျွန်မရဲ့ကလေးလို ရောဂါမဖြစ်အောင် မိသားစုကျန်းမာသန့်ရှင်း ရောဂါကင်းအောင် နေထိုင်စားသောက်ကြပါလို့ မှာချင်ပါတယ်ရှင့်"

ကလေးမိခင်တစ်ဦးက သူ့အတွေ့အကြုံကို ရင်တွင်းမှခံစားချက်များဖြင့် ပြောကြားသွားရာ တက်ရောက်နားထောင်ကြသူ မိဘများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ဧည့်သည်တော်များသည် လက်ခုပ်သြဘာပေးခဲ့ကြသည်ကို သတိရမိပါသည်။

လွန်ခဲ့သော အနှစ်၂၀ကျော်ကပင် အရှေ့တောင်အာရှ ခြောက်နိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးစီ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် United Nations ယူနီဗာစီတီနှင့် ဖိလစ်ပိုင်အစိုးရတို့ပူးပေါင်း၍ အာဟာရနှင့် နီးနွယ်သောပညာရပ်များကို စာတွေ့၊လက်တွေ့ဆည်းပူးရန် ဖိတ်ကြားခဲ့ပါသည်။ မြန်မာနိုင်ငံမှ ပညာရှင်တစ်ဦးအနေဖြင့် ကျွန်မ တက်ရောက်ဆည်းပူးခွင့် ရခဲ့ပါသည်။ မြို့တော်မနီလာနှင့် အတန်ငယ်ကွာဝေးသော စန်ဝမ်း ရွာကလေးတွင် ခြောက်လအတွင်း ၎င်းရွာ၏ ကျန်းမာရေးတိုးတက်ရေး၊ အာဟာရပြည့်ဝရေးအတွက် ကျွန်မတာဝန်ယူခဲ့ရသည်။

ထိုအခါက စန်ဝမ်းရွာတွင် အိမ်သာမရှိ၊ ကာကွယ်ဆေးထိုးမှု မမှန်ကန်၊ အာဟာရချို့တဲ့သော ကလေးများ အများအပြားပင်ရှိပါသည်။ ကျွန်မသည် ရွာလူကြီးများ၊ ကျန်းမာရေးဌာနနှင့် မြို့တော်စည်ပင်ဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ရွာ၏ကျန်းမာရေး တိုးတက်မှုအတွက် အကူအညီပေးရန်၊ ပံ့ပိုးရန်တင်ပြခဲ့သည်။ ရွာ၏အခြေအနေ၊ အိမ်ထောင်စုပေါင်း၊ မိသားစုဦးရေ၊ ရောဂါရှိသူဦးရေ၊ အာဟာရချို့တဲ့သူဦးရေတို့ကို စာရင်းပြုစုရာ ထိုရွာမှ အထွေထွေရောဂါကု ဆရာဝန်တစ်ဦးနှင့် ကျန်းမာရေးဆရာမတစ်ဦးကပါ ပါဝင်ကူညီခဲ့သည်။

ဘုရားရှိခိုးကျောင်းတွင်စုဝေးပြီး ကလေးမိခင်များကို ကျန်းမာရေးဆိုင်ရာများ ဆွေးနွေးဟောပြောရသည်။ မိခင်အများစုက အင်္ဂလိပ်လိုတတ်ကြသည်။ မတတ်သူများအတွက် ဆရာဝန်က စကားပြန်လုပ်ပေးသည်။ ထိုအချိန်က ကလေးများကို အပတ်စဉ်ပေါင်ချိန်ခြင်း၊ အာဟာရမုန့်များ ကျွေးခြင်း၊ မိခင်များကို ချက်ပြုတ်နည်းသင်တန်းပေးခြင်း၊ ကျန်းမာရေးဆိုင်ရာများ ဟောပြော၍ ကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ရာ ရွာလုံးကျွတ် စည်စည်ကားကား လာရောက်ခဲ့ကြပါသည်။

မနီလာမြို့တော်ဝန်က ပံ့ပိုး၍ ရေလောင်းအိမ်သာဆောက်ရန် အိမ်သာခွက်များရရှိခဲ့ပါသည်။ ယခင်က လယ်ကွင်းပြင်တွင် အပေါ့အလေး သွားသူတို့ အိမ်သာကိုယ်စီဝိုင်းဝန်းဆောက်ကြသည်။ ခြောက်လအတွင်း ကလေးများ ကာကွယ်ဆေးအားလုံးထိုးပြီးပြီ၊ ရေတွင်းများလည်း တူးပြီးကြပြီ၊ ရန်ကုန်မြို့ ကလေးအာဟာရ ယူနစ်မှာကဲ့သို့ ကလေးအမေများအချင်းချင်း ကျန်းမာရေးတရား အလှည့်ကျ ဟောတတ်လာကြပါသည်။

အာဟာရစိုက်ခင်းများကို ရွာလုံးကျွတ်စုပေါင်း၍ စိုက်ပျိုးကြရာ နေရာတိုင်းတွင် စိမ်းစိုနေသည်။ အတိုးမယူဘဲ ချေးငွေထုတ်ပေးသဖြင့် ကြက်၊ ဘဲမွေးမြူ၍ ဘဲဥ၊ ကြက်ဥရောင်းချပြီး အပိုဝင်ငွေရှာကြသည်။

ဇာထိုး၊ ပန်းထိုးအင်္ကျီများ အပြိုင်အဆိုင်ချုပ်ကြရာ အလွန်လှပါသည်။ အင်္ကျီများကို မြို့တော်မနီလာ "မကာတီ" ဈေးသို့ သွားရောက်ရောင်းချကြသည်။ တစ်ရွာလုံးလည်း သန့်ရှင်းလာသည်ကို အားရဖွယ် တွေ့ခဲ့ရပါသည်။

ဘုရားရှိခိုးကျောင်းဝင်းအတွင်း သီးနှံပင်များ၊ ဖြူနီဝါပြာပန်းများရောင်စုံ ပွင့်လျက်ရှိခဲ့သည်။ ကျွန်မတို့ အရှေ့တောင်အာရှ ခြောက်နိုင်ငံ၏ အတွေ့အကြုံများ၊ ဆောင်ရွက်ချက်များနှင့် တစ်ရွာတစ်ယောက်စီ တာဝန်ယူကြရသောကြောင့် ရွာများ၏ ကျန်းမာရေးအခြေအနေ တိုးတက်ပြီး ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခဲ့ရာတွင် မြန်မာနိုင်ငံမှ သင်တန်းသူ ပထမရခဲ့သည်ကိုလည်း သတိတရ ရှိမိပါသည်။

ကျွန်မသည် တူကလေးမောင်သန့်စင်၏ ကဗျာလေးကို ဖတ်မိရာမှ ဖိလစ်ပိုင်နိုင်ငံရှိ စန်ဝမ်းရွာနှင့်သခင်မြပန်းခြံတွင် ဖွင့်လှစ်ခဲ့သော ကလေးအာဟာရပျိုးထောင်ယူနစ်ကို ပြန်ပြောင်းသတိရမိပါသည်။

ယခုအခါ စန်ဝမ်းရွာလည်း တိုးတက်လျက်ရှိသည်ဟု သိရပါသည်။ **မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ ဘက်စုံထောင့်စုံ ဦးဆောင်ပံ့ပိုး အားပေးမှုကြောင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အရေးထား၍လုပသော ရွှခင်းများ၊ တိုက်တာအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေးများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ လယ်ယာမြေများ၊ စားပင်သီးပင်များ၊ ခြံစည်းရိုးကြက်ဆူပင်တို့ဖြင့် ဖြိုးဖြိုးဝေလျက်ရှိ**နေပါသည်။

ပတ်ဝန်းကျင်သန့်ရှင်းရေး အနေအထားတိုးတက်ရန်မှာ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အတူ တိုင်းရင်းသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ အင်တိုက်အားတိုက် ကြိုးစားကြလျှင် ပြည်သူပြည်သားအားလုံး **ကျန်းမာသန့်ရှင်း ရောဂါကင်းဝေး**ကြမည်ဟု ယုံကြည်စိတ်ချမိပါသည်။ ။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ ဘက်စုံထောင့်စုံ ဦးဆောင်ပံ့ပိုး အားပေးမှုကြောင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အရေးထား၍ လုပသောရွှခင်းများ၊ တိုက်တာအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေးများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ လယ်ယာမြေများ၊ စားပင်သီးပင်များ၊ ခြံစည်းရိုးကြက်ဆူပင်တို့ဖြင့် ဖြိုးဖြိုးဝေလျက်ရှိ။

၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ရက်က တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးအောင်ဝင်းသိန်းက ဖတ်ကြားစဉ်။ (၁၁၅)

ကျန်းမာရေးစစ်ဆေး

တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သက်ကြီးဘိုးဘွား ၅၅ဦးတို့အား ကျန်းမာရေးစစ်ဆေးကုသပေးခြင်း အခမ်းအနားကို ဇွန်၂၂ရက်ကကျင်းပရာသက်ကြီးဘိုးဘွားတစ်ဦးအား မျက်စိနှင့် ကျန်းမာရေး စစ်ဆေးပေးစဉ်။ (၂၀၀)

မိမိတို့ နိုင်ငံအပေါ် လူကုန်ကူးမှုဆောင်ရွက်နေသော နိုင်ငံအဖြစ် တစ်ဖက်သတ်စွပ်စွဲနေခြင်းမှာ မှန်ကန်မှုမရှိ လူမှောင်ခိုနှင့်လူကုန်ကူးမှုအား ဒေသတွင်း၌ပင် ထိရောက်စွာ ကာကွယ်တားဆီးနိုင်သော နိုင်ငံဖြစ် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကိုလည်း အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေ

ရန်ကုန် ဇူလိုင် ၅

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ၂၀၀၆ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက်က အမှာစကားပြောကြားရာတွင် မွန်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့အနေဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် ပြည်နယ်အမျိုးသမီးရေး ရာအဖွဲ့တစ်ဖွဲ့၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နှစ်ဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ၁၀ဖွဲ့၊ ရပ်ကွက်နှင့် ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ ၄၆၃ ဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်အရေအတွက်သည် သက်ငယ်အဖွဲ့ဝင် ၂၉၁၆၂ဦး၊သက်ကြီးအဖွဲ့ဝင် ၁၁၄၀၆၆ ဦး၊ စုစုပေါင်း၁၄၃၂၂၈ဦးရှိနေပြီ ဖြစ်ကြောင်း။

သင်တန်းများဖွင့်လှစ်

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် အဖွဲ့ဝင်များ အရည်အသွေး မြင့်မားရေးအတွက် အင်္ဂလိပ်စကားပြောသင်တန်း၊ အခြေခံစည်းရုံးရေးသင်တန်း၊ မူကြိုဆရာမများ မွမ်းမံသင်တန်း၊ စာရင်းကိုင်သင်တန်း၊ စည်းရုံးရေးအခြေခံ ဆင့်ပွားသင်တန်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ဆွေးနွေးပွဲများအနေဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ AIDS တားဆီးကာကွယ်ရေးလေ့ကျင့်ပညာပေးခြင်းများ၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ဥပဒေရေးရာဆိုင်ရာ ဆွေးနွေးပွဲများ၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဆွေးနွေးပွဲများ စသည်တို့ကို စုစုပေါင်း (၃၀၂)ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး အသင်းဝင်ပေါင်း ၂၃၇၈၃ဦးကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့ကြောင်း။

ထို့အပြင် အခြားသော လူမှုရေးအသင်း အဖွဲ့များဖြစ်သည့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းပြီး မွန်ပြည်နယ် ၁၀မြို့နယ်အတွင်းသို့အထူးကုဆရာဝန်ကြီးများနှင့် အခမဲ့ကွင်းဆင်းကုသရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဆင်းရဲချို့တဲ့သည့် ကိုယ်ဝန်ဆောင်မိခင်များအား ကျေးရွာအရောက် ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ထောက်ပံ့ကူညီခြင်း၊ ၁၀မြို့နယ် နား၊ နှာခေါင်းလူနာများ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား မော်လမြိုင် ဆေးရုံကြီးသို့ ပို့ဆောင်ပေးခြင်း၊ လူနာစောင့်များ စီစဉ်ပေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ တိုက်ဖျက်ရေး ဆောင်ရွက်ပေးခြင်း၊ ကျိုက်မရော၊ မုဒုံ၊ ကျိုက်ထို၊ မော်လမြိုင်နှင့် ပေါင်မြို့နယ်များတွင် မြို့နယ်လုံးကျွတ် တီဘီရောဂါကင်းဝေးရေး ဆောင်ရွက်ပေးခြင်း၊ မူကြိုဆရာမများ သင်ကြားမှုစွမ်းရည်ပြိုင်ပွဲနှင့် မူကြိုကလေးများ ပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးခြင်း၊ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်ရေးနေ့ အထိမ်းအမှတ်ပြဇာတ်ပြိုင်ပွဲတွင် ပါဝင် ဆောင်ရွက်ခြင်းစသည်တို့ကို အကြိမ် ၃၀၀ ပြုလုပ်နိုင်ခဲ့ပြီး အဖွဲ့ဝင်ပေါင်း ၁၅၂၂၇ဦး ပါဝင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၆ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဂုဏ်ပြုထောက်ပံ့

ပညာရေးကဏ္ဍအနေဖြင့်စေတနာညကျောင်းများ ဖွင့်လှစ်ခြင်း၊ သက်ကြီးစာဖတ်ဝိုင်းများ ဖွင့်လှစ်ပေးခြင်းနှင့် ပညာရည်ထူးချွန်သူ ၅၄၈ဦးတို့အား တန်ဖိုးငွေ ကျပ် ၁၇၈၅၆၀၀ ချီးမြှင့်ဂုဏ်ပြုထောက်ပံ့ပေးနိုင်ကြောင်း။

မွန်ပြည်နယ်အတွင်း လူဦးရေ ၂၈သိန်းကျော် နေထိုင်လျက်ရှိကြောင်း၊ တိုင်းရင်းသား လူမျိုးများအနေဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ ပအိုးဝ်တို့ နေထိုင်ကြကြောင်း၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ ဟောပြောပွဲများကို ချောင်းဆုံမြို့နယ်၊ ရေးမြို့နယ်၊ သထုံမြို့နယ်နှင့် ပေါင်မြို့နယ်များတွင် ၂၂ ကြိမ်ကျင်းပနိုင်ခဲ့ကြောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဟောပြောပွဲများကို ၁၆၉ကြိမ် ကျင်းပခဲ့ပြီး အမျိုးသမီးပေါင်း ၁၄၅၈၇ဦးကို ပညာပေးဟောပြောနိုင်ခဲ့ကြောင်း၊ မွန်ပြည်နယ်တွင် လူမှောင်ခိုနှင့်လူကုန်ကူးခြင်းခံရသော အမျိုးသမီးများမှာ ၁၈နှစ်အထက်၈၉ဦးနှင့် ၁၈နှစ်အောက် ၁၈ဦး၊ စုစုပေါင်း ၁၀၇ဦး ရှိခဲ့ကြောင်း၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် လူမှောင်ခိုနှင့်လူကုန်ကူးသူ ကျား၁၈ဦး၊ မ ကိုးဦး စုစုပေါင်း ၂၇ ဦးအားထိရောက်ဟန့်တားသောပြစ်ဒဏ်များ ချမှတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများ၊ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

တားဆီးနိုင်ခဲ့

မုဒုံမြို့နယ်၊ပေါင်မြို့နယ်၊ချောင်းဆုံမြို့နယ်များမှ အမျိုးသမီးငယ်များအား တစ်ဖက်နိုင်ငံသို့သွားရောက်ရန်စည်းရုံးခံခဲ့ရသည်ကို အချိန်မီသိရှိခဲ့သဖြင့် ခေါ်ယူတွေ့ဆုံကာ နှစ်သိမ့်ဆွေးနွေးပြီး မိဘရပ်ထံပြန်လည်အပ်နှံပေးနိုင်ခဲ့ကြောင်း၊ သထုံမြို့နယ် နောင်ဘိုကျေးရွာနှင့် ပေါင်မြို့နယ် မုတ္တမကျေးရွာမှ အမျိုးသမီးငယ်များနှင့်အမျိုးသားများကိုလည်း လူကုန်ကူးသူများက တစ်ဖက်နိုင်ငံသို့ သွားရောက်ရန် ဖြားယောင်းသွေးဆောင်စဉ် တားဆီးနိုင်ခဲ့ပြီး မိဘအုပ်ထိန်းသူထံ ပြန်လည်အပ်နှံနိုင်ခဲ့ကြောင်း။

ထို့အပြင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်နှင့် ပဲခူးတိုင်း သနပ်ပင်မြို့နယ်တို့မှ တစ်ဖက်နိုင်ငံသွားရောက်မည့် ကျား ၁၁ဦး၊ မ ၂၂ဦးတို့အား ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ အသိပညာပေး ဟောပြောပြီး နေရပ်သို့ပြန်လည် ပို့ဆောင်ပေးခြင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် ၂၀၀၅ ခုနှစ်အတွင်း တားဆီးပြန်လွှတ်ခဲ့သည့် ဦးရေမှာ ကျား ၉၂ဦး၊ မ ၁၀၂ဦး၊ စုစုပေါင်း ၁၉၄ဦးကို အသိပညာပေးဟောပြောပြီး နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ပေးနိုင်ခဲ့ကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် တစ်ဖက်နိုင်ငံသို့ရောက်ရှိပြီး တစ်ဖက်နိုင်ငံ လူမှုဝန်ထမ်းဌာနမှထိန်းသိမ်းထားသော အမျိုးသမီး ၁၃ဦး၊ အမျိုးသား ၅ဦး၊ စုစုပေါင်း ၁၈ဦးအား မိဘရပ်ထံ ပြန်လည် ပို့ဆောင်နိုင်ရေးအတွက် မိသားစုနှင့် ဆက်သွယ်စုံစမ်းခြင်းကို လူမှုဝန်ထမ်းဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ရာတွင် အမျိုးသမီးရေးရာအဖွဲ့က ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြောင်း။

တစ်ဖက်သတ်စွပ်စွဲ

သို့ဖြစ်၍ ပြည်ပနိုင်ငံများမှ မိမိတို့နိုင်ငံအပေါ် လူကုန်ကူးမှု ဆောင်ရွက်နေသော နိုင်ငံအဖြစ် တစ်ဖက်သတ်စွပ်စွဲနေခြင်းမှာ မှန်ကန်မှုမရှိဘဲ လူမှောင်ခိုနှင့် လူကုန်ကူးမှုအား ဒေသအတွင်း၌ပင် ထိထိရောက်ရောက် ကာကွယ်တားဆီးနိုင်သော နိုင်ငံဖြစ်သည်မှာ သိသာထင်ရှားလှပါကြောင်းကို ပြောကြားလိုကြောင်း။

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေများ အသိပညာပေးဟောပြောပွဲများကို (၁၂၁) ကြိမ်ကျင်းပနိုင်ခဲ့ကြောင်း၊ မွန်ပြည်နယ်အတွင်း၌ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ဘိန်းစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါးများ ထုတ်လုပ်ခြင်းများကို ဆောင်ရွက်ခြင်း မရှိသော်လည်း တစ်ခါတစ်ရံတွင် မွန်ပြည်နယ်ဒေသကို ဝင်ရောက် ဖြတ်ကျော်၍ မူးယစ်ဆေးဝါးသယ်ဆောင်ခြင်းများရှိခဲ့ကြောင်း။

သိသာထင်ရှား

မွန်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ထူးခြားဖြစ်စဉ်နှင့်ပတ်သက်ပြီး ၂၀၀၄ခုနှစ် ဇူလိုင် ၁၀ရက်တွင် ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘိန်းဖြူဘလောက်တုံး ၈၄၇ အလေးချိန် ၅၉၂ ဒသမ ၉ကီလိုနှင့် စိတ်ကြွဆေးပြား ၂၄၀ ကာလပေါက်ဈေးတန်ဖိုးမှာ ငွေကျပ်သန်းပေါင်း ၄၆၄၈၀သန်း၊ အမေရိကန်ဒေါ်လာ ၇၂၆၂၅၀၀၀ခန့်ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ကွင်းဆက်အနေဖြင့် ပတ်သက်ရာနိုင်ငံများမှ တရားခံများကိုလည်း သက်ဆိုင်ရာနိုင်ငံ၏ တာဝန်ရှိအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဖော်ထုတ်နိုင်ခဲ့ကြောင်းကိုသိရှိရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းကို ဒေသတွင်းသာမက အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိထိရောက်ရောက် ဆောင်ရွက်နေကြောင်း သိသာထင်ရှားလှကြောင်း၊ ထို့အပြင် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာကိစ္စများကိုလည်း ဂရုပြုလိုက်နာလက်တွေ့ဆောင်ရွက်နေခြင်းကြောင့် မူးယစ်ဆေးဝါးတားဆီးမှုမရှိသည့်နိုင်ငံ၊ လူကုန်ကူးမှု တားဆီးဆောင်ရွက်ရာတွင် အဆင့်နိမ့်သည့်နိုင်ငံအဖြစ် သတ်မှတ်ထားချက်များသည် လုံးဝမဖြစ်သင့်ကြောင်းကိုတင်ပြလိုပါကြောင်း။

ဖွံ့ဖြိုးတိုးတက်လာ

ဆည်မြောင်းတာတမံနှင့် ရေထိန်း တံခါးများကို တည်ဆောက်ပေး

စာမျက်နှာ ၁၄ ကော်လံ ၄

မွန်ပြည်နယ် သထုံခရိုင် မရမ်းကုန်းရေထိန်းတံခါးကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၆ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

✡ ကျောဖုံးမှ

မိမိတို့ပဲခူးတိုင်းသည် မြန်မာနိုင်ငံ၏ဆက်သွယ်ရေးလမ်းကြောင်းပေါ်၌ ရှိပြီး ရထားလမ်း၊ ကားလမ်းများယှက်သွယ်ဖြတ်သန်းရာ လမ်းပန်းဆက်သွယ်ရေးတွင် အဓိကအချက်အချာကျသည့် တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ ကားလမ်းအရှည်မိုင်၈၅၈မိုင်၊ တံတားပေါင်း၂၂၀၂စင်းရှိရာ ပေ၁၈၀အထက်တံတား၃၁စင်းပါဝင်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်စည်စီးဆင်းမှု လွယ်ကူမှန်ကန်ရေးတွင် ပဲခူးတိုင်း၏လမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်မြေအေးချမ်းသာယာမှုသည် အရေးကြီးလှကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်

ပဲခူးတိုင်းသည် စိုက်ပျိုးမြေဧရိယာဧက၁၇သိန်းကျော်သည့်အတွက် စပါးစိုက်ပျိုးမှုအထူးကောင်းမွန်သည့် ဒေသဖြစ်ကြောင်း၊ ယခုနှစ်တွင် စပါးတင်းသိန်း၁၁၀၀ကျော်ထွက်ရှိပြီး ပဲခူးတိုင်းအတွင်းနေထိုင်သူအားလုံး ဝဝလင်လင်စားသုံးနိုင်သည့်အပြင် ပိုလျှံစပါးတင်းသိန်းပေါင်း၇၀၀ကျော်ရှိကြောင်း၊ ပိုလျှံသည့်စပါးများကို ကုန်သွယ်ရောင်းဝယ်နိုင်သည့်အတွက် တောင်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိလာခဲ့ကြောင်း။

ပဲခူးတိုင်းအတွင်း ဆည်တမံ၂၈ခု တည်ဆောက်ထားရှိနိုင်ခဲ့ပြီး ရေပေးဝေနိုင်သည့်ဧကသိန်း၂၀ကျော်ရှိသဖြင့် ယခုကဲ့သို့စပါးအထွက်နှုန်းများတိုးတက်ပြီး တောင်သူများ စားဝတ်နေရေး တိုးတက်မှုများရှိလာခဲ့ရခြင်းဖြစ်ကြောင်း။

သားငါးကဏ္ဍအနေဖြင့် ငါးမွေးမြူရေးကန်ဧက၉၀၀၀ကျော်မွေးမြူနိုင်ခဲ့ပြီး သားငါးပိဿာထောင်ပေါင်း သုံးသိန်းကျော် ထုတ်လုပ်နိုင်သည့်အတွက် ဒေသအတွင်း သားငါးဖူလုံစွာစားသုံးနိုင်ခဲ့ကြောင်း၊ ပဲခူးမြို့နယ်တွင် အင်းတကော်စက်မှုဇုန်တစ်ခုတည်ထောင်နိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံ၄၀ကျော်လည်ပတ်လျက်ရှိသည့်အတွက် ဒေသခံပြည်သူများအလုပ်အကိုင်ရရှိရေးအတွက်လည်း အဆင်ပြေလျက်ရှိကြောင်း။

ရေအားလျှပ်စစ်စီမံကိန်းများ

စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအထောက်အကူပြုမည့် လျှပ်စစ်စွမ်းအားရရှိရေးအတွက် ပဲခူးတိုင်းအတွင်း ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် တည်ဆောက်ဆဲရေအားလျှပ်စစ်စီမံကိန်းပေါင်း ခြောက်ခုရှိကြောင်း၊ ယင်းတို့မှာ မဂ္ဂါဝပ် ၃၀ ရှိသည့် ခပေါင်းရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၄၀ ရှိသည့် ဖြူးရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ်၆၀ရှိသည့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ၂၅မဂ္ဂါဝပ်ရှိသည့် ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း၊ ၇၅မဂ္ဂါဝပ်ရှိသည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း စသည့်စီမံကိန်းများမှ စုစုပေါင်း မဂ္ဂါဝပ်၂၃၀ ရရှိလာမည်ဖြစ်ကြောင်း။

ပဲခူးတိုင်း၏လူမှုရေးကဏ္ဍနှင့်ပတ်သက်သည့် ပညာရေး၊ ကျန်းမာရေးတိုးတက်မှုများကို ဆက်လက်ပြောကြားလိုကြောင်း၊ ပညာရေးကဏ္ဍတွင် တက္ကသိုလ်တစ်ခု၊ ဒီဂရီကောလိပ်တစ်ခု၊ ကောလိပ်သုံးခု၊ အထက်တန်းကျောင်း ၆၁ကျောင်း၊ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၂၄ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ၃၂ကျောင်း၊ အလယ်တန်းကျောင်း၁၀၆ကျောင်း၊ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း၇၆ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ၄၀၊ အခြေခံပညာမူလတန်းကျောင်း ၁၉၁ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၃၄၅ကျောင်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၇၉ကျောင်းတို့ကို ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍအနေဖြင့် ဆေးရုံ၁၄ခု၊ တိုက်နယ်ဆေးရုံ၃၀၊ ကျေးလက်ကျန်းမာရေးဌာန၈၅ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၃၉၀နှင့် သူနာပြုသင်တန်းကျောင်းတစ်ကျောင်းကိုဖွင့်လှစ်ပြီး ပဲခူးတိုင်းအတွင်းရှိပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် မိမိတို့ပဲခူးတိုင်း၌ ၂၀၀၅-၂၀၀၆ခုနှစ် အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာငွေကျပ်၂ဒသမ၃သိန်းကျော် ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၀၁ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ လူတစ်ဦးချင်း၏ တစ်နှစ်ပျမ်းမျှဝင်ငွေမှာ ငွေကျပ်နှစ်သိန်းနီးပါးရရှိခဲ့ကြောင်းကို တွေ့ရှိရကြောင်း။

အချိန်မီဖော်ထုတ်နိုင်

ယင်းသို့ နိုင်ငံတော်က စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍအသီးသီးကို ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ဆောင်ရွက်နေသော်လည်း တစ်ဖက်ကလည်း ပြည်ပနိုင်ငံအချို့၏ ဝင်ရောက်စွက်ဖက်မှု၊ သွေးထိုးမြှောက်ပင့်မှုကြောင့် ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများဝင်ရောက်၍ ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့၌ ၂၀၀၅ခုနှစ် နိုဝင်ဘာတွင် ဗုံးဖောက်ခွဲမှုတစ်ကြိမ်၊ ပဲခူးမြို့ အထက(၁)ကျောင်းဝင်းရှေ့နှင့် ကျောင်းအုပ်ဆရာမကြီးအိမ်ရှေ့၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီတွင်ပေါက်ကွဲမှုတစ်ကြိမ်စီ၊ မဟာဓာတ်အားတာဝါတိုင်အမှတ် (၂၅၄)၌ မိုင်းထောင်ဖောက်ခွဲမှုတစ်ကြိမ်၊ တောင်ငူဘူတာမြောက်ဘက်၌ မီးရထားသံလမ်း ဗုံးဖောက်ခွဲမှုတစ်ကြိမ်၊ မတ်လတွင် တောင်ငူမြို့ အထက(၁)ကျောင်းရှေ့နှင့် အမှတ်(၂၀)ရပ်ကွက်ရှိ ထရန်စဖော်မာအနီး၌ ပေါက်ကွဲမှုတစ်ကြိမ်၊ ဧပြီလတွင် ကျောက်တံခါးမြို့နယ် ခင်ကြီးကျေးရွာ ရန်ကုန်-မန္တလေးကားလမ်း၌ ချိန်ကိုက်မိုင်းတစ်လုံးပေါက်ကွဲမှုတစ်ကြိမ်၊ မေလတွင် ကျောက်တံခါးမြို့နယ် အတွင်းရှိ ထရန်စဖော်မာဘေး၌ ပေါက်ကွဲမှုတစ်ကြိမ် စသည်ဖြင့် စုစုပေါင်းခုနစ်ကြိမ်ဖြစ်ပွားခဲ့သည့်အပြင် အဖျက်သမားများ၏ ယုတ်မာပက်စက်သည့် အကြံအစည်နှင့်ကြိုးပမ်းမှုများဖြစ်သည့် မိမိတို့ပဲခူးတိုင်းအတွင်းရှိ မြို့နယ်အချို့၌ ထောင်ထားသည့် ချိန်ကိုက်ဗုံးများနှင့် နင်းမိုင်းများကိုပြည်သူများ၏ အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ကူညီမှုဖြင့် အချိန်မီ ရှာဖွေဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ကြောင်း။

၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ပဲခူးတိုင်းအတွင်း၌ ချိန်ကိုက်ဗုံးပေါက်ကွဲမှုဖြစ်စဉ် ခုနစ်ခုနှင့် ပါဝင်ပတ်သက်နေသူများအား အမာခံပြည်သူ့စွမ်းအားရှင်များ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့်ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့်အပြင် မိုင်းထောင်မှုဖြစ်စဉ် ခြောက်ခုနှင့်ပတ်သက်ပြီး ပြည်သူ့စွမ်းအားရှင်များက ကြိုတင်သတင်းပို့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီရှင်းလင်း ဖယ်ရှားနိုင်ခဲ့၍ ခရီးသွားပြည်သူများ၏ အသက်အန္တရာယ်များကို ကယ်တင်နိုင်ခဲ့ကြောင်း။

ကူညီပံ့ပိုး

ဤနေရာတွင် သောင်းကျန်းသူများ၏ ရက်စက်ယုတ်မာခဲ့သည့် သာဓကတစ်ရပ်ကိုတင်ပြလိုကြောင်း၊ ပဲခူးတိုင်း ထန်းတပင်မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်မြို့နယ် နယ်စပ်၌ရှိသည့် သပြေညွန့်ကျေးရွာသည် တောင်ငူမြို့မှ မိုင် ၃၀ ကွာဝေးသည့် ကရင်၊ ဗမာ၊ ပအိုဝ်းစသော တိုင်းရင်းသားများနေထိုင်ရာ ရွာကြီးတစ်ရွာဖြစ်ကြောင်း၊ ၎င်းကျေးရွာ၌ KNU သောင်းကျန်းသူအဖွဲ့အတွင်း၌ အချင်းချင်းအနိုင်ကျင့်သည့်လုပ်ရပ်များနှင့် ပြည်သူလူထုအပေါ်နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ခဲ့သည့်လုပ်ရပ်များကို မလိုလားသဖြင့် အလင်းဝင်ရောက်ခဲ့သူများအား နေထိုင်လုပ်ကိုင်စားသောက်ရန်အတွက် နိုင်ငံတော်ကကူညီပံ့ပိုးပြီး နေရာချထားပေးခဲ့ကြောင်း။

ယင်းကျေးရွာများကို သောင်းကျန်းသူများကဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့ခြင်း၊ KNU စသည့် သောင်းကျန်းသူများကသာ အပြစ်မဲ့သော တိုင်းရင်းသားများကို အချင်းချင်းဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း၊ ယင်းဖြစ်စဉ်များကို ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများနှင့် သံတမန်များအား ၂၀၀၆ ခုနှစ် မေလအတွင်း ပဲခူးတိုင်းသို့ ဖိတ်ခေါ်၍ လက်တွေ့ပြသခဲ့ကြောင်း။

မှန်ကန်မှုမရှိ

ယင်းကဲ့သို့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်ချက်များကို လျစ်လျူရှု၍ ပြည်ပြေးများဖြင့် မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဖွဲ့စည်းထားသည့် NCGUB က ပဲခူးတိုင်း ညောင်လေးပင်၊ သံတောင်နှင့် တောင်ငူနယ်မြေတို့၌ ကရင်တိုင်းရင်းသားများထောင်နှင့်ချီပြီး တပ်မတော်၏ထိုးစစ်ကြောင့် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးရကြောင်းနှင့် ရွာများမီးရှို့ခံရ၍ ပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်ရကြောင်း စွပ်စွဲလာခဲ့ကြောင်း၊ ယင်းစွပ်စွဲချက်များသည် မှန်ကန်မှုမရှိကြောင်းကို မိမိ ရှင်းလင်းတင်ပြခဲ့သည့် ဖြစ်ရပ်သာဓကများက လယ်ပြင်မှာဆင်သွားသလို ထင်ရှားစွာ တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ပြည်သူများ၏ အသက်အန္တရာယ်မြောက်မြားစွာကိုထိခိုက်စေနိုင်သည့် အကြမ်းဖက်ဗုံးထောင်၊ မိုင်းခွဲမှုဖြစ်စဉ်များအား စာနာထောက်ထားမှုမရှိဘဲ တစ်ဖက်သတ်စွပ်စွဲခဲ့သည့် အကြမ်းဖက်သူအဖျက်သမားများနှင့် ကြိုးကိုင်အားပေးသူ ပြည်ပရောက်ဆန့်ကျင်ဘက်အဖွဲ့အစည်းများကို မိမိတို့ပဲခူးတိုင်း အမျိုးသမီးထုကြီးက စက်ဆုပ်ရွံ့ရှာစွာဖြင့်ရှုတ်ချကြောင်းကိုပြောကြားလိုကြောင်း။

အကြမ်းဖက်အဖွဲ့အစည်း

နိုင်ငံတော်အစိုးရဆန့်ကျင်နေသည့် အုပ်စုများနှင့် နယ်စပ်ဒေသအနီးတစ်ဝိုက်ရှိ သောင်းကျန်းသူများက မြန်မာနိုင်ငံအား နိုင်ငံတကာအသိုင်းအဝိုင်းဝင်ဆံ့ မှုလျော့ကျစေရန် လုပ်ကြံဖန်တီးသည့် သတင်းအချက်အလက်များအပေါ်အခြေပြုရေးသားသည့် အစီရင်ခံစာများကို ကမ္ဘာ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့တင်သွင်းရန် စီစစ်နေကြကြောင်းကို ကြားသိခဲ့ရကြောင်း၊ ယင်းအစီရင်ခံစာများသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကို စိစစ်ခြင်းမရှိဘဲ ဆန့်ကျင်ကွဲလွဲစွာရေးသားတင်သွင်းမှုများဖြစ်သည့်အတွက် မိမိတို့ပြည်သူလူထုအတွက်နစ်နာလှကြောင်း၊ ယင်းတို့၏စွပ်စွဲချက်များသည် အမှန်တကယ်ဖြစ်ရပ်များကို မျက်ကွယ်ပြုပြီး ထင်ရာစွပ်စွဲချက်များဖြစ်သောကြောင့် မိမိအထက်တွင်တင်ပြခဲ့သည့်ဖြစ်စဉ်အမှန်များက သက်သေပြုနိုင်ကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူနိုင်ရန် နိုင်ငံကြီးတချို့၏ ကြိုးကိုင်မှုနှင့် ရေးသားတင်သွင်းနေသည့် အစီရင်ခံစာများသည် မိမိတို့ဒေသခံတိုင်းရင်းသားများ၏ ခံစားနေရသည့်ဖြစ်ရပ်မှန်များမဟုတ်ကြောင်း၊ အမည်ခံအဆက်အသွယ်ပြုနေကြသူများသည် အကြမ်းဖက်သမား ဗုံးဖောက်ခွဲသူများကို ကြိုးကိုင်နေသူများဖြစ်ကြောင်း၊ ယင်းတို့ပါဝင်သော အဖွဲ့အစည်း FTUB နှင့် NCGUB တို့သည် မြန်မာပြည်သူလူထုကို ကိုယ်စားပြုသော အဖွဲ့အစည်းမဟုတ်ဘဲ အကြမ်းဖက်အဖွဲ့အစည်းသာဖြစ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဂုဏ်ပြုဆုများချီးမြှင့်

ယင်းနောက် ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုအစီအစဉ်အရ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂဟဘွဲ့ရ ဒေါ်သန်းဌေး၊ သီရိသုဓမ္မသင်္ဂဟဘွဲ့ရ ဒေါ်သန်းသန်းနွဲ့နှင့် သီဟသုဓမ္မသင်္ဂဟဘွဲ့ရ ဒေါ်ဆက်ဆက်ဌေးတို့အား ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ ၂၀၀၆ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူ ကိုးဦးနှင့် နိုင်ငံတော်နှင့် ပြည်နယ်/တိုင်း အဆင့်ပြိုင်ပွဲများတွင် ရွှေတံဆိပ် ဆုရရှိကြသူ ၁၂ ဦး တို့အား ဂုဏ်ပြုဆုများကိုလည်းကောင်း တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သက်ငယ်အမျိုးသမီးရေးရာအဖွဲ့ဝင်လေးများက **"ဖယောင်းလက်တို့ ပေါင်းယှက်ညီ"** မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြင့် ဧည့်ခံဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်တောင်းတံတား (ရွှေကျင်-မဒေါက်)

ညောင်လေးပင်-မဒေါက်လမ်းအတိုင်း ရွှေကျင်မြို့သို့ အချိန်တိုအတွင်း လွယ်လင့်တကူ သွားရောက် နိုင်သည့် အရှည်ပေ ၁၅၀၀ ရှိ စစ်တောင်းတံတား (ရွှေကျင်-မဒေါက်)ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

အိမ်ရှင်ဂျာမနီအသင်း ကမ္ဘာ့ ဖလားအိပ်မက်ပျက်ပြယ် အီတလီအသင်း ကမ္ဘာ့ ဖလားကမ္ပည်းမော်ကွန်းရေးထိုး

တင်ပြသူ **မြင့်မောင်စိုး**

ဖရန့်ဖတ် ဇူလိုင် ၅

ကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲကို ဇူလိုင် ၄ ရက် ညပိုင်းက စတင်ယှဉ်ပြိုင်ကစားခဲ့ကြရာ အိမ်ရှင်ဂျာမနီအသင်းကို အီတလီအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားပြီဖြစ်သည်။

ဒုတိယပိုင်းပွဲပြီးခါနီးတွင် အီတလီအသင်းက ကာမိုရာနီစီ(ယာ) နှင့် ဂျာမနီအသင်းမှ ဘိုရောစကီးတို့ ဤသို့ ဘောလုံးကို အပြိုင်အဆိုင် ခေါင်းတိုက်ခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

နှစ်သင်းစလုံးပွဲစသည်နှင့် အပြန်အလှန် ထိုးဖောက်ကစားခဲ့ကြသော်လည်း ပုံမှန်ကစားချိန် မိနစ် ၉၀ တွင် တစ်ဂိုးမျှ မသွင်းနိုင်ကြဘဲ ရှိသည်။ ထို့ကြောင့် အချိန်ပို ၁၅ မိနစ် နှစ်ကြိမ်ကစားခဲ့ရာ ဒုတိယအချိန်ပို ၁၅ မိနစ်တွင် အီတလီအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဂရော့စ်ဆိုနှင့် ဒယ်ပီယာရိုတို့သည် ပွဲပြီးရန် နှစ်မိနစ်အတွင်း နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ကြကာ အီတလီအသင်းအား ဗိုလ်လုပွဲသို့ ပို့ပေးနိုင်ခဲ့ကြသည်။

ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုရ ပီယာလိုက ပွဲပြီးရန် တစ်မိနစ်အလိုတွင် ဂရော့စ်ဆိုထံ ဖြတ်ပို့သော ဘောလုံးကို ဂရော့စ်ဆိုက သွင်းယူလိုက်ခြင်းဖြစ်သည်။ ပွဲချိန် မိနစ် ၁၂၀ ပြည့်ချိန်တွင် လူစားဝင်လာသူ ဒယ်ပီယာရိုက ထပ်ဆင့်ဂိုးသွင်းယူပေးလိုက်၍ အီတလီကစားသမားများနှင့် အီတလီ ဘောလုံးပရိသတ်များ အောင်ပွဲခံ ပျော်မြူးကြလေသည်။

ဂျာမနီမှ ပိုဒေါစကီးသည် စောစောပိုင်းက ခေါင်းတိုက်ဂိုးသွင်းယူသော်လည်း ဘေးချော်သွားခဲ့သဖြင့် ဂျာမနီတို့၏ ကမ္ဘာ့ဖလားအိပ်မက် ပျက်ပြယ်ခဲ့ရသည်။

အီတလီအသင်းသည် အနိုင်ဂိုးများမသွင်းမီ ဂိုးများသွင်းယူခဲ့ရာ နှစ်ကြိမ်တိုင် ဂိုးတိုင်ထိပြီး ပြန်ထွက်လာသည်။ အီတလီအသင်း၏ တိုက်စစ်အား ပိုကောင်းလာသဖြင့် အဆုံး၌ နှစ်ဂိုးအသွင်းခံလိုက်ရသည်။ ယင်းနောက် ဂျာမနီကစားသမားအချို့နှင့် ဂျာမနီပရိသတ်များ မျက်ရည်ကျခဲ့ရသည်။

အီတလီအသင်းသည် နောက်တန်းခံစစ်အားကောင်းသဖြင့် တိုက်စစ်ကိုလည်း အရှိန်မြှင့်နိုင်ခဲ့သည်။ လူစားဝင်လာသူ ဂီလာဒီနိုကန်သွင်းချက်မှာ တိုင်ထိပြီး ပြန်ထွက်လာသကဲ့သို့ ဇမ်ဘရော့တာ၏ကန်သွင်းချက်မှာလည်း ဘားတန်းထိ၍ ပြန်ထွက်လာသည်။ သို့ရာတွင် ပိုဒေါစကီးသည် ဂျာမနီအသင်းကို တိုက်စစ်ဖြင့် ဦးဆောင် ခြိမ်းခြောက်ကစားနိုင်ခဲ့ပြီး ဒေးဗစ်အိုဒွန်ကာဖြတ်ပို့သည့် ဘောလုံးကို ခေါင်းတိုက်ရာ လွဲချော်သွားသည်။

အီတလီ တိုက်စစ်မှူးဖြစ်သည့် တော့တီနှင့် ပီယာလိုတို့ ပွဲပြီးခါနီးတွင် တရစပ်တိုက်စစ်ဆင်ကစားရာ ဒယ်ပီယာရို ဂိုးသွင်းခွင့် မဟာအခွင့်အလမ်း တစ်ရပ်ရရှိခဲ့သည်။ သို့ရာတွင် ဂျာမနီဂိုးသမား လေးမန်း ဒိုင်ဗင်ထိုး၍ ကာကွယ်ပေးနိုင်ခဲ့သည်။

သို့ရာတွင် အီတလီက တိုက်စစ်ကို အရှိန်မြှင့်ကစားလာသဖြင့် ဂရော့စ်ဆို ဂိုးသွင်းခွင့်ရရှိသွားကာ ဂျာမန်ဂိုးသမား ကာကွယ်ချိန်မရဘဲ ဂိုးပေးလိုက်ရသည်။ ယင်းဂိုးမှာ ပွဲချိန် ၁၁၉ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။

ယင်းဂိုးသွင်းလိုက်ချိန် ကလင်းစမန်း၏ တိုက်စစ်မှူးများသည် အသည်းအသန် ကြံရာမရဖြစ်နေရာမှ ဂီလာဒီနို ဘောလုံးရသွားပြီး ဒယ်ပီယာရိုအား ထိုးပေးလိုက်ချိန်တွင် လေးမန်း၏ ပိုက်ကွန်ထဲ၌ ဘောလုံး ရောက်ရှိသွားသည်။

ပွဲချိန်မိနစ် ၉၀ တွင် တော့တီ ဖန်တီးပေးသည့်ဘောလုံးကို ပါရော့တာသွင်းယူသော်လည်း လေးမန်း အလွယ်တကူ ဖမ်းယူနိုင်ခဲ့သည်။

ပွဲပြီးရန် ၁၂ မိနစ်အလိုတွင် ပိုဒေါစကီး အနီးကပ်ကန်သွင်းရာ အီတလီဂိုးသမား ဘတ်ဖွန်း ကာကွယ်လိုက်နိုင်သည်။ အချိန်ပိုတွင် မိုက်ကယ်ဘောလက် ဂိုးရရှိရေး ကြိုးစား၍ ကိုက် ၂၀ မှ ကန်သွင်းသော်လည်း ဘားတန်းပေါ် ကျော်တက်သွားခဲ့ပြန်သည်။

အဆုံးတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲရှိရာ အီတလီက နှစ်မိနစ်အတွင်း ဂရော့စ်ဆိုနှင့် ဒယ်ပီယာရိုတို့က တစ်ဂိုးစီသွင်းနိုင်ခဲ့ကြ၍ အီတလီအသင်း၏ ဘောလုံးသမိုင်း ကမ္ပည်းမော်ကွန်းမှတ်တိုင်သစ်ကို စိုက်ထူရေးထိုးခဲ့ကြလေသည်။

အိမ်ရှင်ဂျာမနီရှုံး၍ အီတလီအသင်းခြောက်ကြိမ်မြောက် ကမ္ဘာ့ဖလားဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ဂျာမနီတို့ ရှစ်ကြိမ်မြောက်ဗိုလ်လုပွဲသို့ တက်ရောက်ရန် မအောင်မြင်ခဲ့ခြင်းလည်း ဖြစ်သည်။

ဂျာမနီအသင်းသည် ၁၉၆၂ ခုနှစ်က ချီလီ၊ ၁၉၉၀ ပြည့်နှစ်က အီတလီနှင့် ၂၀၀၂ ခုနှစ်က တောင်ကိုရီးယားအသင်းများနည်းတူ အိမ်ရှင်ဖြစ်သော်လည်း အကြိုဗိုလ်လုပွဲအထိပင် တက်ရောက်နိုင်ခဲ့သည်။ ။

(အင်တာနက်)

ဂျာမနီ အသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်နှင့် အီတလီအသင်းမှ တိုက်စစ်မှူး တော့တီတို့ ဤသို့ အကြိတ်အနယ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလား သတင်းဂယက်

ကမ္ဘာ့ ဖလား ဗိုလ်လုပွဲအကြို နောက်ဆုံးသတင်းများ

ဘာလင် ဇူလိုင် ၅

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသည် အကြိုဗိုလ်လုပွဲများ၌ မမျှော်လင့်သော ပြိုင်ပွဲရလဒ်များ ပေါ်ထွက်လာခဲ့ရာ အကြိုဗိုလ်လုပွဲနှင့် ပတ်သက်သော နောက်ဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

ဂျာမနီနည်းပြ ကလင်းစမန်း အကြီးအကျယ်စိတ်ဓာတ်ကျဆင်းသွား

အကြိုဗိုလ်လုပွဲအဖြစ် အီတလီနှင့် ကစားခဲ့ရသော ဂျာမနီအသင်းသည် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြကလင်းစမန်း အကြီးအကျယ်စိတ်ဓာတ်ကျဆင်းသွားသည်။ ကမ္ဘာ့ဖလားပွဲပြီးလျှင် ဂျာမနီအသင်း နည်းပြအဖြစ်မှ နုတ်ထွက်မည်ဟူသောဆုံးဖြတ်ချက် ပိုမိုခိုင်မာသွားခဲ့ပြီဖြစ်ကြောင်း၊ ဂျာမနီအသင်း ယခုအဆင့်ရောက်ပြီးမှ ကမ္ဘာ့ဖလားရအောင် မလုပ်ပေးနိုင်မှုမှာ မိမိအားနည်းချက်ကြောင့်ဖြစ်ကြောင်း ကလင်းစမန်းက ပြောကြားလိုက်သည်။

အီတလီကစားပုံကောင်း၍ နိုင်ခြင်းဖြစ်ကြောင်း ကလိုဆေး ပြောကြား

အကြိုဗိုလ်လုပွဲ၌ မိမိတို့ အိမ်ရှင်ဂျာမနီအသင်းကို အနိုင်ကစားခဲ့သော အီတလီအသင်းသည် တကယ်ကောင်းသည့်အသင်းဖြစ်ကြောင်း၊ မိမိတို့ထက် အဆုံးသတ်ကောင်းမွန်ကြောင်း ဂျာမနီတိုက်စစ်မှူး ကလိုဆေးက ပြောကြားလိုက်သည်။

အီတလီဘောလုံးသမားများ ကစားပုံ မာကျောပြီး ဂိုးသွင်းစွမ်းရည်ထက်မြက်သူများ ဖြစ်သည်ဟုလည်း ၎င်းက ပြောကြားလိုက်သည်။

ဂျာမနီပရိသတ်များ ငိုကြွေး၍မဆုံး

အီတလီကို နောက်ဆုံးနှစ်မိနစ်အလိုတွင် နှစ်ဂိုးသွင်းခံခဲ့ရပြီး ရှုံးနိမ့်ခဲ့ရသဖြင့် ဂျာမနီ ဘောလုံးပရိသတ်များ ဂျာမနီနိုင်ငံ မြို့ကြီးများရှိ လမ်းမများပေါ်တွင် တစ်ညလုံး ငိုကြွေးခဲ့ကြသည်။

ဂျာမနီနည်းပြ ကလင်းစမန်း ငိုကြွေးခဲ့ရသည်မှာ...

အိမ်ရှင်ဂျာမနီတို့ ကမ္ဘာ့ဖလားရရှိတော့မည်ဟူသော အိပ်မက်များလည်း ပျက်ပြယ်သွားခဲ့ပြီဖြစ်ရာ ဂျာမနီနိုင်ငံ မြို့ကြီးများ၏ လမ်းမများ၊ ပန်းခြံများတွင် ထောင်ပေါင်းများစွာသော ဘောလုံးပရိသတ်များ ဝမ်းနည်းကြေကွဲမဆုံးဖြစ်ခဲ့ရသည်ဟု အင်တာနက်သတင်း၌ ဖော်ပြထားသည်။

ဂျာမနီနည်းပြအဖြစ်မှမထွက်ရန် ဘက်ကင်ဘောင်ဝါ ပြောကြား

အီတလီကိုရှုံးနိမ့်ပြီး ကမ္ဘာ့ဖလားကို လက်လွတ်ခဲ့သဖြင့် စိတ်ဓာတ်ကျဆင်းသွားသော နည်းပြကလင်းစမန်းအား ဂျာမနီဘောလုံးအသင်း နည်းပြအဖြစ် ဆက်လက်တာဝန်ယူသွားရန် ဘက်ကင်ဘောင်ဝါက မေတ္တာရပ်ခံလိုက်သည်။

ကလင်းစမန်းအနေဖြင့် တာဝန်ကျေကြောင်း၊ အခက်အခဲများအကြားမှ အကြိုဗိုလ်လုပွဲအထိ ဆောင်ကြဉ်းပေးခဲ့မှုကပင် အောင်မြင်ခြင်းတစ်ရပ်ဖြစ်ကြောင်း၊ အီတလီဘောလုံးအသင်း ကောင်းလွန်း၍သာ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ကြောင်း၊ အနိုင်အရှုံးသည် ပြဿနာမရှိကြောင်း၊ ဂျာမနီအသင်း ကမ္ဘာ့ဖလားပွဲတစ်လျှောက် အကောင်းဆုံးခြေစွမ်းပြလာခဲ့ပြီးဖြစ်ကြောင်း ပြောကြားလိုက်သည်။

စုစည်းတင်ပြသူ **မောင်မောင်မြင့်ဆွေ**

အီတလီနည်းပြ ကမ္ဘာ့ဖလားမှန်းပြီ

အကြိုဗိုလ်လုပွဲ၌ အိမ်ရှင်ဂျာမနီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ယူပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်လာသော အီတလီအသင်းသည် ကမ္ဘာ့ဖလားရရှိရေးမှာ အိပ်မက်မဟုတ်တော့ကြောင်း အီတလီနည်းပြ မာဆယ်လိုလစ်ပီက ပြောကြားလိုက်သည်။

အီတလီနည်းပြ မာဆယ်လိုလစ်ပီ

ဂျာမနီပရိသတ် ငါးသောင်း၏ အားပေးမှုများကို ကြံ့ကြံ့ခံရင်း အီတလီအသင်းကစားမှုကို ကြီးကြပ်ခဲ့ရကြောင်း၊ မိမိတို့ အကောင်းဆုံးကစားနိုင်ခဲ့၍သာ အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘာ့ဖလားကို အရယူမည်ဖြစ်ကြောင်း မာဆယ်လိုလစ်ပီက ပြောကြားသည်။

အီတလီဝန်ကြီးချုပ်က ချီးကျူးစကားပြောကြား

အကြိုဗိုလ်လုပွဲ၌ အီတလီအသင်းအနိုင်ရခဲ့ချိန်တွင် အီတလီအသင်း နည်းပြမာဆယ်လိုလစ်ပီနှင့် ကစားသမားများအား အီတလီဝန်ကြီးချုပ် ရိုမာနိုပရိုဒီက ချီးကျူးစကား ပြောကြားခဲ့သည်။

နောက်ဆုံးဗိုလ်လုပွဲအထိရောက်အောင် မဆုတ်မနစ် ကြိုးပမ်းခဲ့ကြသော နည်းပြနှင့် ဘောလုံးသမားများအား ချီးကျူးကြောင်း၊ ဆက်လက်၍ အစွမ်းကုန်ကြိုးစားကြရန် လိုကြောင်း ပြောကြားသည်။

- **အနီကတ်ပြ အထုတ်ခံခဲ့ရသော ရွှန်နေ ဒိုင်လူကြီးလုပ်ရပ်ကို ယခုထိ နားမလည်အောင်ဖြစ်ရ။**
- **ရွှန်နေနှင့် မိမိအကြား မည်သည့်ပြဿနာမျှမရှိကြောင်း စီရိုနယ်ဒိုက ပြောကြား။**
- **ဂျာမနီနှင့် အီတလီပွဲတွင် အကောင်းဆုံး ဘောလုံးသမားဆု အီတလီမှ ပီယာလိုရရှိ။**
- **ဒဏ်ရာရသယောင် ဟန်ဆောင်နေကြသော ဘောလုံးသမားများကို ဖီဖာဥက္ကဋ္ဌ စိတ်ပျက်နေ။**

(အင်တာနက်)

ဂျာမနီနှင့် အီတလီပွဲ၌
အီတလီအတွက် ဒုတိယဂိုးသွင်းယူပေးသူ ဒယ်ပီယာရို

အထက(၁) မြောက်ဥက္ကလာ ကျောင်းသားဟောင်းများ၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်၂ရက်က (ရှ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်ဝင်းအတွင်းရှိ မြတ်မင်္ဂလာ ကျောင်း၌ကျင်းပရာ ဆရာတော်ဦးလာဘထံ ဆရာကြီး ဦးရဲခင် ဆရာမကြီး ဒေါ်ခင်မြင့်နှင့် ကျောင်းသားဟောင်းများက စုပေါင်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

စာမျက်နှာ ၃ မှ

နေရာတွင် မုန့်ဖုတ်သင်တန်း၊ အစားအစာချက်ပြုတ်နည်း သင်တန်း၊ ဒည့်ကြိုသင်တန်း၊ စက်ချုပ်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် အသေးစားငွေချေး လုပ်ငန်းများကိုပါ ပြုလုပ်၍ ဝင်ငွေတိုးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ၊ ရေလုပ်ငန်းများ တိုးတက်လာသည့်အတွက် အလုပ်လက်မဲ့ဦးရေ နည်းပါးစေခဲ့ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးဦးတည်ချက် (၄)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ရာ ဗဟိုမှထိန်းချုပ်မှုကို လျှော့ချခြင်း၊ ပုဂ္ဂလိက အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးခြင်း၊ ဈေးနှုန်းထိန်းချုပ်မှုကို ဖျက်သိမ်းခြင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကိုခွင့်ပြုခြင်း၊ အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ကျင့်သုံးခြင်း၊ ဘဏ္ဍာရေး စနစ်များ ကျင့်သုံးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

ဈေးကွက်စီးပွားရေး

မြန်မာနိုင်ငံသည် မည်သည့်စီးပွားရေးပြုပြင်ပြောင်းလဲမှုကိုမှ မလုပ်ဆောင်ခဲ့ဆိုသည်မှာ မှားယွင်းသောအချက်ဖြစ်ကြောင်း၊ ဗဟိုစီမံကိန်းချ စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲရာတွင် ပုဂ္ဂလိကအခန်းကဏ္ဍများကို စီးပွားရေးလုပ်ရှားမှုနယ်ပယ်အားလုံး၌ပါဝင်ရန် အခွင့်အလမ်းများဖွင့်ထားခြင်း၊ စီးပွားရေးနှင့် ပေါ်လစီအခြေအနေကောင်းများ ဖန်တီးခြင်းသည် ဈေးကွက်စီးပွားရေးစနစ်ကို ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေကြောင်း။

ပုဂ္ဂလိကအခန်းကဏ္ဍကို အားပေးရန် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ အစိုးရသည် ၁၉၈၈ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်သည် စီးပွားရေးပြုပြင်ပြောင်းလဲရေးအတွက် အဓိကကျသည့်အပြင် စီးပွားရေးတစ်ခုလုံးကိုလည်း လွှမ်းခြုံသော ပြန်လည်ပြုပြင်ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် အရေးပါသောအခန်းမှ ပါဝင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ၁၉၉၄ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အောက်ခြေလူထုလူတန်းစားအလွှာကိုဦးစားပေး၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အစွမ်းကုန်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်း တစ်ပြေးညီ တိုးတက်စေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကို ၁၉၉၂ခုနှစ်က ဝန်ကြီးဌာနအသစ်တစ်ခုအဖြစ် နိုင်ငံတော်ကဖွဲ့စည်း၍ ကျေးလက်ဒေသ၊ နယ်စပ်ဒေသကို ဦးစားပေးပြီး လူမှုဘဝတိုးတက်ရေးကိစ္စရပ်များကို စွမ်းစွမ်းတမံ ဆောင်ရွက်နေတာတွေကို တွေ့ရမှာဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ပြည်နယ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများနှင့် ရခိုင်ပြည်နယ် ဂုဏ်ဆောင်ထူးချွန်အမျိုးသမီး ၃၂ဦး တို့အား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၄ မှ

အချို့ကသာ ယင်းတို့၏ဗိုလ်ကျစိုးမိုးလိုသည့် တစ်ကိုယ်ကောင်းဝါဒနှင့် ဝင်ရောက်စွက်ဖက်ခြင်းဖြစ်ကြောင်း ပြောကြားလိုကြောင်း။

သက်စွန့်ဆံဖျားဆောင်ရွက်

မိမိတို့သည် မြန်မာနိုင်ငံသူနိုင်ငံသားများ ဖြစ်ကြကြောင်း၊ မြန်မာနိုင်ငံသည် သမိုင်းတစ်လျှောက် သူ့ကျွန်မခံစိတ်ဓာတ်နှင့် ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်ခဲ့သည့် အစဉ်အလာကောင်းခဲ့သော နိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့သည် အားနွဲ့သည့် အမျိုးသမီးများ ဖြစ်သော်လည်း အရေးကြုံလျှင် အရိုးကြေကြေ အရေခန်းခန်း ထက်သန်သည့် မျိုးချစ်စိတ်နှင့် နိုင်ငံအကျိုးကို သက်စွန့်ဆံဖျား ဆောင်ရွက်သွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် တနင်္သာရီတိုင်းမှ ထူးချွန်အမျိုးသမီးများအား ဆုချီးမြှင့်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးရရှိသူများနှင့် အားကစားထူးချွန်ဆုရရှိသူများအား တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက လည်းကောင်း၊ ပြည်နယ်နှင့်တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲနှင့် မြန်မာ့သိုင်းပြိုင်ပွဲတို့တွင် အားကစားထူးချွန်ဆုရ အမျိုးသမီးငယ်များအား တနင်္သာရီတိုင်း အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်နန်းခင်ညွှန့်နွယ်က လည်းကောင်း၊ ပညာရေးဆိုင်ရာ ထူးချွန်ဆုရရှိသူ အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား တိုင်းအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ အေးအေးသိန်းကလည်းကောင်း၊ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တိုင်းအမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေးဌာနမှူး ဒေါ်သုဇာတင်နှင့် စည်းကမ်းထိန်းသိမ်းရေးဌာနမှူး ဒေါ်ခင်သင်းဝေတို့က လည်းကောင်း၊ ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်ဂုဏ်ထူးရှင်များအား အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မေမြင့်လွင်ကလည်းကောင်း ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

နိုင်ခဲ့ခြင်းကြောင့် ရေသယံဇာတနှင့်မြေသယံဇာတများကို အပြည့်အဝအသုံးချနိုင်ခြင်း၊ လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ ရေတော်မိုးတော်နှင့် တစ်မိုးနှစ်သီး စပါးများစိုက်ပျိုးနိုင်ခြင်း၊နွေစပါးနှင့် အခြားသီးနှံသီးထပ်များ စိုက်ပျိုးလာနိုင်ခြင်းတို့ကြောင့် ဒေသခံပြည်သူများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

လမ်းတံတား တည်ဆောက်ရေး အပိုင်းတွင်လည်း ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေသားလမ်းများနှင့် တံတားကြီး၊ တံတားငယ်များအပြင် မော်လမြိုင် မီးရထားဘူတာရုံကြီး တည်ဆောက်ထားရှိမှုများ ရှိကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် ၂၀၀၅ခုနှစ် ဇူလိုင် ၃ရက်မှ ၂၀၀၆ခုနှစ် ဇူလိုင် ၃ ရက်အထိ တစ်နှစ်တာ ကာလအတွင်း ထူးချွန်ဆုရရှိကြသော အမျိုးသမီးများအား ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အလှူငွေများပေးအပ်

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့သို့ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဘဏ္ဍာရေးဌာနကြီးမှူး ပြည်နယ် စာရင်းစစ်အရာရှိ ဒေါ်ခင်ခင်မျိုးက လက်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် တရားပွဲ

ရန်ကုန်မြို့၊ ဆိပ်ကမ်းမြို့နယ်၊ ဆိပ်ကမ်းနယ်မြေ၊ လမ်းသစ်လမ်းနှင့် ဝါးတန်းလမ်းကြား ဆန်ကုန်သည်ကြီးများအသင်း၏ ဂိုဒေါင်အမှတ်(၁၀၀)တွင် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဓမ္မစေတီဆရာတော် ဦးကောသလ္လ၏တရားပွဲကို ဇူလိုင် ၇ရက် (သောကြာနေ့)နှင့် ဇူလိုင် ၈ရက်(စနေနေ့) ည ၇ နာရီတွင် ကျင်းပမည်ဖြစ်ရာ တရားနာကြွရောက်ပါရန် ဖိတ်ကြားနိုးဆော်ထားပါသည်။

မွေးနေ့ဆုတောင်းလွှာ

အနန္တော အနန္တငါးပါး ဦးထိပ်ထားလျက် နှစ်ဖက်သော မိဘတို့အား ရည်စူး၍ ကျေးဇူးရှင်မွေးမိခင် ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်စန်းမြင့်၏ ၆-၇-၂၀၀၆ရက်တွင်ကျရောက်သော နှစ်(၈၀)ပြည့် မွေးနေ့ရက်မြတ်မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် သက်ရှည်၊ ကျန်းမာ၊ လိုရာပြည့်စုံ၊ ဘေးရန်လုံ၍ ချစ်သော သား၊ သမီး၊ မြေးတို့နှင့်အတူ သာသနာ့အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပြီး အလှူရေစက် လက်နဲ့မကွာ လှူဒါန်းနိုင်ပါစေရန် မေတ္တာပို့ဆုတောင်းလျက် . . . .

ချစ်သား၊ သမီးများ

ဒေါက်တာရဲထွန်း - ဒေါက်တာရီရီမြင့် မိသားစု
ဒေါက်တာစိန်ဝင်း - ဒေါက်တာခင်ခင်မြင့် မိသားစု
ဦးအောင်သန်းဦး - ဒေါ်တင်မာအေးမိသားစု
ဦးသောင်းထွန်း - ဒေါ်အေးအေးမြင့်မိသားစု
ဦးပြုံး - ဒေါ်အေးအေးသန်းမိသားစု
ဒေါက်တာနေလင်း - ဒေါက်တာညွှန့်ညွှန့်စိန် မိသားစု။

[illegible]		
[illegible]	မော်ဒန်အချစ်များ	[illegible]
[illegible]	မော်ဒန်အချစ်များ	[illegible]
[illegible]	မော်ဒန်အချစ်များ	[illegible]
[illegible]	POSEIDON	KURT RUSSELL, JOSH LUCAS RICHARD DREYFUSS, EMMY ROSSUM
[illegible]	X-MEN THE LAST STAND	HUGH JACKMAN, HALLE BERRY IAN McKELLEN, FAMKE JANSSEN
[illegible]	မော်ဒန်အချစ်များ	[illegible]
[illegible]	မော်ဒန်အချစ်များ	[illegible]

ပေးအပ်လှူဒါန်း

ဆက်လက်၍ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့သို့ စေတနာရှင် အလှူရှင်များက အလှူငွေ စုစုပေါင်း ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်နှင့် မြို့နယ်ယဉ်ကျေးမှုအဖွဲ့ဝင်များက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဇူလိုင် ၁ ရက်တွင်လည်း ၂၀၀၆ခုနှစ် ဇူလိုင်၃ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးပြီး လောကာနန္ဒာစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇူလိုင် ၅ရက်က မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၏ ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ် ကမာရွတ်မြို့နယ် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာန မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(မြို့တော်စည်ပင်)

ရွှေဂူလေး မဟာပဒုမ စာသင်တိုက် ဝါဆိုပွဲ

ရန်ကုန် ဇူလိုင် ၅

ကျေးဇူးတော်ရှင် သာသနာပြုအဘိုး ကလေးဝဆရာတော် တည်ထောင်တော်မူခဲ့သော ပဲခူးမြို့ ကလျာဏီရပ်ကွက် ရွှေဂူလေး မဟာပဒုမစာသင်တိုက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ စာချ၊ စာသင်သံဃာတော်အရှင်သူမြတ်အပါး ၁၅၀ကျော်နှင့် သာသနာ့နွယ်ဝင် သီလရှင်အပါး၂၀ကျော်တို့အား ဝါဆိုသင်္ကန်း၊ ဝါဆိုဝတ်စုံကပ်လှူပွဲနှင့် ကျောင်းသားကျောင်းသူ ၉၀၀ကျော်တို့အား အာဟာရဒါနလှူဒါန်းပွဲကို ဇူလိုင် ၉ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင်ကျင်းပမည်ဖြစ်ရာကြွရောက်ပူဇော်နိုင်ကြောင်းနှင့် ရွှေဂူလေး မဟာပဒုမစာသင်တိုက် ကလျာဏီရပ်ကွက် ပဲခူးမြို့ ဖုန်း-၀၅၂-၂၁၅၆၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ

ရန်ကုန် ဇူလိုင် ၅

၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၃ရက် ညနေပိုင်းတွင် ရေဝတီရေတပ်စခန်း ဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီး အေးဖေက တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ စစ်သည်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများတက်ရောက်ကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

၁၉၉၂ခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းပြီး ကျေးလက်ဒေသ၊ နယ်စပ်ဒေသများကို လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်နေခြင်းကြောင့် ကျေးရွာများကို ဖျက်ဆီးခြင်း၊ အဓမ္မပြောင်းရွှေ့နေရာချထားခြင်း လုပ်သည်ဆိုသည်မှာလည်း မဟုတ်မမှန် လုပ်ကြံစွပ်စွဲချက်များပင်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက အားကစား၊ ကဗျာ၊ စာစီစာကုံးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတို့၌ ဆုရရှိသူများအား ဆုများကိုပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် ဇူလိုင်လအတွက်
၉-၇-၂၀၀၆ ရက်နေ့
နှင့်
၃၀-၇-၂၀၀၆ ရက်နေ့

စာပေဖြင့် မြှင့်တင်ပျိုးထောင် မြန်မာ့လူ့ဘောင်

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

ယဉ်ကျေးသော၊ သိမ်မွေ့သော၊ နူးညံ့လှပသော အခြေအနေများ တိုးတက်ဖြစ်ထွန်းအောင် မြန်မာစာပေက သီကုံးပန်းသွင် ဖွဲ့နွဲ့အလှဆင်လျက်ရှိသည်။

ငယ်စဉ်တောင်ကျေး ကလေးဘဝ ကျောင်းနေအရွယ်ကပင် မြန်မာစာနှင့် ထိတွေ့ကျွမ်းဝင်ခဲ့ရသည်။ ဝလုံးကလေး ဝိုင်းဝိုင်းရေးခဲ့ရချိန်မှစ၍ **"သုစိပုဘာ၊ ဝိလိသိဓာ၊ အက္ခရာစွဲ သုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်"**ရချိန်အထိ မြန်မာစာပေက ပညာဗဟုသုတနှင့် အသိအလိမ္မာမျိုးစုံကို ဖြည့်ဆည်းပေးခဲ့သည်။

မြန်မာစာပေကြောင့် ကျောင်းနေပျော်ခြင်း၊ စာတော်ခြင်း၊အမိုက်မှောင်ကင်းပြီး ဉာဏ်ပွင့်လင်းခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ ဗဟုသုတစုံခြင်း၊ ရသခံစားရခြင်း စသည့်အကျိုးကျေးဇူးများ ခံစားရရှိခဲ့သည်။

ကျောင်းနေအရွယ်တွင် မြန်မာကဗျာကလေးများကို သံပြိုင်ရွတ်ဆိုကာ ပျော်ရွှင်ခဲ့ရသည်။ မြန်မာဖတ်စာမှ အကြောင်းအရာပုံဝတ္ထုများကို ဆရာမက ပြောပြသည့်အခါ စိတ်ဝင်တစား ငေးမောနားထောင်ခဲ့ရသည်။ မူလတန်းကျောင်းသားဘဝက သင်ကြားခဲ့ရသော မြန်မာဖတ်စာ သင်ခန်းစာတို့သည် ဘဝတစ်လျှောက်လုံးတွင် ဆရာကောင်းတစ်ယောက်သဖွယ် သွန်သင်လမ်းညွှန်ပေးခဲ့သည်။ **"စောစောထ၊ သွားတိုက်၊ မျက်နှာသစ်၊ အိပ်ရာသိမ်း"**ဟူသော သင်ခန်းစာကလေးသည် သူ့အချိန်နှင့်သူ လုပ်ကိုင်တတ်သောအလေ့အကျင့်ကို စွဲမြဲစေခဲ့သည်။ ကျောင်းစာကျက်မှတ်၍ မရသဖြင့် စိတ်ဓာတ်ကျမိသည့်အခါတိုင်း "မပုကြွယ်နှင့် ခရုငယ်"အကြောင်းအရာကလေးက စိတ်ဓာတ်ကို ပြန်လည်မြှင့်တင်ပေးမြဲဖြစ်သည်။

"ကျွဲးမွေးသုတ်သင်၊ သက်ဆုံးပင်
ချစ်ခင်ရှာပေ တို့မေမေ"။
"စားဝတ်နေရေး၊ ငွေရှာပေး
ကျေးဇူးကြီးပေ၊ တို့ဖေဖေ။"

စသည့်ကဗျာကလေးများကလည်း မိဘကျေးဇူးကို အစဉ်သတိရစေခဲ့သည်။ အပြောအဆို၊ အပြုအမူ၊ အနေအထိုင် ယဉ်ကျေးလိမ္မာစေရန်လည်း **"တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ"၊ "မိဦးဖဦး၊ ဆရာဦးကို ခူး၍အလျှင်မစားနှင့်"** စသည့် မြန်မာဖတ်စာမှ ကဗျာကလေးများက သွန်သင်ဆုံးမပေးလျက်ရှိသည်။

လူ့ဘဝတွင် တင့်တယ်စွာအသက်ရှင်နေထိုင်နိုင်ရန် လိုအပ်ချက်သည် ဆင်ခြင်တုံတရားနှင့် အသိဉာဏ်ဖြစ်သည်။ စာရိတ္တ၊ စိတ်ဓာတ်၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် အကျင့်သိက္ခာတို့သည်လည်း လူ့ဘဝအား လှပစေသော လည်ဆွဲရတနာများဖြစ်သည်။ စည်းကမ်းလိုက်နာတတ်မှု၊ စည်းလုံးညီညွတ်မှု၊ အချိန်ကို လေးစားတတ်မှုနှင့် တီထွင်ကြံဆတတ်မှုများသည်လည်း အရေးပါသော အဆင်တန်ဆာများဖြစ်သည်။ ထိုအရာအားလုံးကို ရရှိခံစားစေနိုင်သည့် တစ်ခုတည်းသော စွမ်းအားရှင်မှာ အမျိုးသားစာပေသာလျှင် ဖြစ်ပေသည်။

"အလိမ္မာ"သည် စာရိတ္တကောင်းမွန်ခြင်းဖြစ်သည်။ စာရိတ္တကို မြန်မာအဘိဓာန်က ကိုယ်ကျင့်တရားဟု ဖွင့်ဆိုထားသည်။ ကိုယ်ကျင့်တရား ကောင်းမွန်သူတို့သည် လိမ္မာသူများဖြစ်သည်။ ကိုယ်ကျင့်တရားကို လူတိုင်းသိရှိကြဖို့လိုသည်။ မြန်မာမျိုးနွယ်စုတို့အတွက် ကိုယ်ကျင့်တရားကို မြန်မာစာပေမှ လောကနီတိကျမ်းဖြင့် လမ်းညွှန်ထားသည်။ "နီတိ"ဟူသော ဝေါဟာရသည် သက်ရိုက် ဘာသာဖြစ်ပြီး လမ်းညွှန်ဟု အဓိပ္ပာယ်ရသည်။ လောကနီတိဆိုသည်မှာ လောကတွင် ပညာရှိ၊ သူတော်ကောင်း၊ ပညာမဲ့၊ သူယုတ်မာ၊ အဆွေခင်ပွန်း၊ ရန်သူစသည်တို့နှင့် ဆက်နွှယ်ပြီး လူ့ကျင့်ဝတ်များ၊ လိုက်နာအပ်သော လူမှုရေးစည်းကမ်းများ၊ ဆောင်သင့်ရာရှောင်သင့်ရာတို့အား စုပေါင်းထားသည့် လမ်းညွှန်ချက်များ ဖြစ်သည်။

လောကနီတိကို ဝိဇယပူရအမည်ရှိ အင်းဝနေပြည်တော်၌ သက္ကရာဇ် ၇၀၄ခုနှစ်တွင် အုပ်ချုပ်မင်းပြုသော ဆင်ဖြူရှင် ငါးစီးရှင်ကျော်စွာသီဟသူ၏ ရွှေတိုက်တော်အတွင်းဝန်ပညာရှိ သီရိမဟာစတုရင်္ဂဗလ အမတ်ကြီးက ကြိုးပမ်းစီရင် ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ လောကနီတိသည် ရှေးပညာရှိတို့၏ စကားပုံများ၊ မှတ်သားလိုက်နာဖွယ် အဆိုအမိန့်များ၊ သင်ခန်းစာရယူဖွယ် ဇာတ်ကြောင်းပုံပြင်များမှတစ်ဆင့် ကောင်းနိုးရာရာများကို ဖော်ထုတ်စုစည်း ရေးသားထားသော လူမှုရေးဆိုင်ရာ လမ်းညွှန်ဖွင့်ဆိုချက် စာကောင်းပေမွန်ဖြစ်သည်။ လောကနီတိကို လေ့လာကျက်မှတ်ဖတ်ရှုလိုက်နာသူများသည် ဆုံးမပဲ့ပြင်သွန်သင်တတ်သော မိဘ၊ဆရာ၊မိတ်ဆွေကောင်းတို့နှင့် တွေ့ရသကဲ့သို့ ဗဟုသုတရှိပြီး ဉာဏ်အမြော်အမြင်ပြည့်စုံသည့်အကျိုးကို ရရှိခံစားရလေ့ရှိသည်။ ယဉ်ကျေးသိမ်မွေ့လာခဲ့၍ အလိမ္မာစာမှာရှိသည်။ စာပေ၏ကျေးဇူးသည် လူသားတို့အပေါ်တွင် ကြီးမားလှသည်။

နိုင်ငံတစ်နိုင်ငံနှင့် လူမျိုးနွယ်စုတွင် စာပေထွန်းကားမှုသည် အလွန်တရာ အရေးကြီးသည်။ စာပေသည် လူမျိုးတစ်မျိုး၏ တန်ဖိုးဖြစ်သလို ယဉ်ကျေးသိမ်မွေ့မှု၏ ရေသောက်မြစ်လည်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးသည် စာပေညီလာခံများကို လေးနှစ်တွင်တစ်ကြိမ် ကျင်းပခဲ့ပြီး နှစ်နှစ်လျှင်တစ်ကြိမ် ကြားဖြတ်ညီလာခံများကို ကျင်းပခဲ့ရာ ကြားဖြတ်ညီလာခံ သုံးကြိမ်ကျင်းပပြီးခဲ့ပြီး ဖြစ်သည်။

ပုံမှန် စာပေညီလာခံကို လေးနှစ်တစ်ကြိမ် ကျင်းပခဲ့ရာ ယခုကျင်းပခဲ့သည့် စတုတ္ထအကြိမ် စာပေညီလာခံကြီးသည် ညီညွတ်ခြင်း၊ အေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းဟူသော ခေတ်ကောင်း၊ စနစ်ကောင်းနှင့် ကြုံနေသဖြင့် မြန်မာ့စာပေသမိုင်းတွင် အထူးခြားဆုံး၊ အလေးအနက်ဆုံး ဖြစ်နေသည်။ ယနေ့သည် ပညာခေတ်ဖြစ်၍ အစဉ်သင်ယူနေသော မြန်မာ့လူ့ဘောင်နှင့် ကျေးလက်ဒေသများပါ မကျန် စာပေပညာဖွံ့ဖြိုးနေသော အချိန်အခါနှင့် ကြုံကြိုက်နေခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးက ထူးခြားလေးနက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဗုဒ္ဓဘုရားသခင် ပွင့်တော်မူရာ(၅၂၈)ဘီစီခန့်မှစ၍ ပါဠိဘာသာပေါ်ထွန်းခဲ့သည်။ သာသနာပြန့်ပွားရာ ဒေသများအားလုံးသို့ ပါဠိဘာသာစာပေလည်း ရောက်ရှိခဲ့သည်။ အချိန်ကြာမြင့်လာသည်နှင့် အမျှ ပါဠိစာပေနှင့် သက္ကရိုက်စာပေတို့သည် ယှဉ်တွဲထွန်းကားခဲ့သည်။ အေဒီ(၂)ရာစုခန့်တွင် မြန်မာပြည် ဗိဿနိုးနှင့် သရေခေတ္တရာတို့သို့ ရောက်ရှိခဲ့သည်။ ပါဠိ၊ သက္ကတ၊ ပျူစာဟူ၍ ပျူတို့လောကတွင် ထွန်းကားခဲ့သည်။ ပုဂံခေတ်တွင် ပျူစာပေမှ မြန်မာအက္ခရာ စာပေတီထွင်၍ မြန်မာစာပေ စတင်ထွန်းကားခဲ့သည်။ ရှင်အရဟံ မထေရ်မြတ်နှင့် အနော်ရထာဘုရင်တို့သည် ထေရဝါဒ ဗုဒ္ဓသာသနာကို မြန်မာတစ်ပြည်လုံးသို့ ပျံ့နှံ့စေရန် သာသနာပြုသောအခါ မြန်မာစာပေလည်း ထွန်းတောက်လာခဲ့သည်။

ရှေးခေတ်ဟောင်းစာပေများကို ကျောက်ထက်အက္ခရာအဖြစ် သုတေသီတို့ လေ့လာတွေ့ရှိကြရသဖြင့် ထိုခေတ်အခါက ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့ကို ယနေ့ခေတ်လူသားတို့ သိရှိမှတ်သားနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် "နှုတ်တစ်ရာ စာတစ်လုံး"ဟူသော ဆိုရိုးစကားကဲ့သို့ စာပေသည်သာ တစ်ခုတည်းသော သမိုင်း၏မှတ်တိုင် ဖြစ်ပေတော့သည်။

မြန်မာစာပေသမိုင်းကို တူးဖော်ကြည့်လျှင် မြန်မာစာပေ၏ အစသည် ပုဂံခေတ်ကဖြစ်သည်။ ပုဂံခေတ်က ကျောက်စာများကို လေ့လာခြင်းဖြင့် မြန်မာစာပေပေါ်ထွန်းလာချိန်ကို သိရှိနိုင်သည်။ မြန်မာစာ၊ မြန်မာအက္ခရာကို အစောဆုံးတွေ့ရသည့် ရာဇကုမာရ်ကျောက်စာကို ခရစ်နှစ် ၁၁၁၂ က ရေးထိုးခဲ့သည်။ ထိုကျောက်စာတွင် ပျူ၊ မွန်၊ ပါဠိ၊ မြန်မာဘာသာ လေးမျိုးရေးထိုးထားသည်။ ပုဂံခေတ် သိင်္ခသူသမီးကျောက်စာတွင် မိမိ၏ပတ်ဝန်းကျင်၌ ငြိမ်းချမ်းကြည်လင်စေရန် လိုလားသည်ကို "အချင်းချင်း အမျက်အဉ္ဈ တစေ့မရှိ၊ ချစ်သောမျက်စိဖြင့်ရှုကြစေ၏"ဟု ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ဤသည်မှာ ရှေးခေတ်ဟောင်းစာပေများကို လေ့လာခြင်းဖြင့် ရရှိနိုင်သော ကိုယ်ကျင့်တရားများဖြစ်သည်။

နိုင်ငံတစ်နိုင်ငံနှင့် လူမျိုးနွယ်စုတွင် စာပေထွန်းကားမှုသည် အလွန်တရာ အရေးကြီးပါသည်။ စာပေသည် လူမျိုးတစ်မျိုး၏ တန်ဖိုးဖြစ်သလို ယဉ်ကျေးသိမ်မွေ့မှု၏ ရေသောက်မြစ်လည်းဖြစ်။

စာပေရှင်သန် ထွန်းကားမှုဟူသည် အလွယ်တကူဖြစ်တည်လာခြင်းမဟုတ်ပါ။ ဖြစ်စဉ်များကို ကျော်ဖြတ်ရသည်။ အမျိုးသားစာပေဟူသည်မှာလည်း ပေါ်ပေါက်ခြင်း၊ ထွန်းကားခြင်း၊ ဖွံ့ဖြိုးခြင်း၊ ခိုင်မာခြင်း၊ အရှည်စွဲမြဲကျန်ရစ်ခြင်းများကို ဖြတ်သန်းခဲ့ရသည်။

မြန်မာလူမျိုးတို့အတွက် မြန်မာစာပေသည် ယဉ်ကျေးမှုအမွေအနှစ် ဖြစ်သည်။ ထိုအမွေအနှစ်ကို အမြတ်တနိုး တန်ဖိုးထားရမည်မှာ မြန်မာတိုင်း၏ တာဝန်ဖြစ်သည်။ စာပေအမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်သကဲ့သို့ တိုးတက်အောင်လည်း ဖန်တီးရမည်ဖြစ်သည်။ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်အဆက်ဆက်တွင် မြန်မာစာပေသည် တစ်ဆင့်ပြီးတစ်ဆင့် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ပုဂံခေတ်မှ သီပေါမင်း ပါတော်မူသည်အထိ မြန်မာလူမျိုးတို့၏ နားဝတွင် မည်သည့်အခါကမျှ စာသံ၊ ပေသံတိတ်ဆိတ်သည်ဟူ၍ မရှိခဲ့ပါ။ မြန်မာလူမျိုးတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အမျိုးသားစာပေနှင့် နှစ်ပေါင်းထောင်ချီ၍ တင့်တင့်တယ်တယ်ရပ်တည်လာခဲ့သည်။ အစဉ်အလာကောင်းများနှင့်အညီ စာပေအမွေအနှစ်များလည်း ကြွယ်ဝပြည့်စုံခဲ့သည်။ အမွေဆိုသည်မှာ ရထားသမျှနှင့် မကျေနပ်ဘဲ တိုးပွားအောင်အားထုတ်ရန်လည်း တာဝန်ရှိသည်။ လူမျိုးနှင့်စာပေသည် ရေနှင့်ကြာကဲ့သို့ဖြစ်ပြီး ရေမြင့်လျှင် ကြာတင့်သည်။ လူမျိုးတိုးတက်ဖွံ့ဖြိုးလျှင် စာပေလည်းဖွံ့ဖြိုး၍ ကျက်သရေ ရှိသည်။

ထို့ကြောင့် နိုင်ငံနှင့်လူမျိုးတိုးတက်အောင် ကြိုးပမ်းရင်း မြန်မာစာပေ အမွေအနှစ်များတိုးပွားရအောင် ကြိုးစားရမည် ဖြစ်သည်။

စာအုပ်စာပေသည် ခေတ်၏ကြေးမုံဖြစ်သည်။ အတိတ်နှင့် ပစ္စုပ္ပန်ကို လက်တွေ့ကျကျ ဆက်သွယ်ပေးသော ကြားခံလည်းဖြစ်သည်။ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးမှစ၍ လူမှုကိစ္စအဝဝကို ထောင့်စုံမှ နည်းအဖုံဖုံနှင့် မီးမောင်းထိုးပြလျက်ရှိသည်။ ရှောင်ရန်၊ ဆောင်ရန်များကို ရှင်းလင်းစွာ သရုပ်ခွဲပြလျက်ရှိသည်။

ရည်ရွယ်ချက် ကောင်းမြတ်သောသုတရသစာပေတို့ကို ဖတ်ရှုခြင်းဖြင့် ဘဝကို အရှုံးမပေး၊ ကြံ့ကြံ့ခံနိုင်သော စိတ်ဓာတ်များ ဖြစ်ထွန်းစေသည်။ မတရားမှုကို ရွံ့မုန်း၍ ဖြောင့်မတ်မှန်ကန်သော အကျင့်ကောင်းတို့ဖြင့် သာယာသော လူ့ဘောင်ကြီးကို တည်ဆောက်မည်ဆိုသော အသိဉာဏ်ကို စာပေမှရရှိသည်။ ထို့အတူ ဗဟုသုတအဖြာဖြာကို ရရှိစေသည်။ သုတစာပေများကို ဖတ်ရှုခြင်းဖြင့် အတွေးအမြင် ရင့်ကျက်ကာ ဘဝရင့်သန်မှုကို ဖြစ်စေသည်။

သတင်းစာမဖတ်သူသည် ကမ္ဘာ့ဗဟုသုတတံခါးကြီး ပိတ်ထားသည်နှင့် တူသည်။ ကောင်းမွန်သောဝတ္ထုတို၊ဝတ္ထုရှည်၊ပြဇာတ်တို့သည် ဘဝသင်ခန်းစာများပေး၍ နှစ်သိမ့်မှုကို ဖြစ်ပေါ်စေသည်။ ကဗျာသည် အသံချိုသာသော ဥသြတေးပမာ ရသမျိုးစုံကို ပေးနိုင်သည်။ မဂ္ဂဇင်း၊ စာစောင်၊ ဂျာနယ်များသည် ကျွန်ုပ်တို့ နား၊မျက်စိကို ဖွင့်ပေးသည်။ သိပ္ပံပညာနှင့်ဆိုင်သောစာအုပ်များ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိများ၊ သမိုင်းနောက်ခံစာပေများသည် ဆန်းသစ်သောအတွေး၊ တည်ကြည်သောအမြင်၊ ကြွယ်ဝသော ဗဟုသုတတို့ကို ပေးသည်။

ကျေးလက်တောသားလေး စာတိုညိုအား မြန်မာပညာရှိအမတ်ကြီး ဝန်ဇင်းမင်းရာဇာအဖြစ်သို့ မယုံနိုင်လောက်အောင် ပြောင်းလဲ တိုးတက်စေခဲ့သော မီးရှူးတန်ဆောင်မှာ စာအုပ်စာပေပင်ဖြစ်သည်။ လူတိုင်း အသက်ရှင်နေထိုင်နိုင်ရန် အစာအာဟာရကို မှီဝဲရသလို စိတ်အစာအာဟာရကိုဖြစ်သော စာပေကိုလည်း မဖြစ်မနေ မှီဝဲရန် လိုအပ်လှသည်။ ထို့ကြောင့် စာပေမျိုးစုံကို နေ့စဉ်ဖတ်မှတ်လေ့လာသင့်လှသည်။

ယနေ့ခေတ်တွင် မြန်မာနိုင်ငံ၌ လူဦးရေ ၇၀ရာခိုင်နှုန်းနေထိုင်သော မြန်မာ့ကျေးလက်ဒေသတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးစီးဦးဆောင်၍ ကိုယ့်အားကိုယ်ကိုး ပညာဘဏ်တိုက်စာကြည့်တိုက်ပေါင်း (၅၄၇၀၇)တိုက်ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ယနေ့ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။ ဆက်လက်၍လည်း မြန်မာ့ကျေးလက်ရွာတိုင်း စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်၍ မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်တွင် စာကြည့်တိုက်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်နိုင်ခြင်းကြောင့် လူဦးရေ ၇၀ရာခိုင်နှုန်းနေထိုင်သော ကျေးလက်ဒေသများအတွက် စာပေအသိပညာ အဆင့်မြင့်တက်လာသည်။ မုန့်ဆန်းထောင်းရင်းလည်း စာပေအကြောင်း ဆွေးနွေးကြသည်။ "လှတောသား"တို့၏ စကားကြွယ်ပုံများ၊ "မဟောသဓာ"ဖြတ်ထုံးမှ ပညာခန်းများ၊ "ခုံတော်မောင်ကျာဘမ်း"၏ ကောင်းမွန်သော နီတိရသများ၊ "စကားတောင်စား"၏ ကြွယ်ဝသော ဝေါဟာရတို့သည် ကျေးလက်ပြည်သူတို့၏ နှုတ်ဝယ် တဖွဖွတရွရွ ရွတ်ဆိုရာမှ ဖြစ်ထွန်းလာသော စာပေလက်ရာများဖြစ်သည်။

မျက်မှောက်ခေတ်တွင် ပြည်သူတို့၏ အသိပညာဗဟုသုတ ပိုမိုကြွယ်ဝအောင်၊ တိုင်းကျိုးပြည်ပြုလူ့စွမ်းအား အရင်းအမြစ်များ ထွန်းသစ်ကြွယ်ဝလာအောင် နိုင်ငံတော်က ပညာရေးနှင့် ယှဉ်တွဲလျက် စာပေလေ့လာလိုက်စားမှုများ ပိုမိုထွန်းကားပြန့်ပွားစေရေး အားပေးထူထောင်လျက်ရှိသည်။ မြန်မာ့လူ့ဘောင်အား အစဉ်သင်ယူလေ့လာပျိုးထောင်နေသော လူ့ဘောင်ဖြစ်အောင် ယခုကဲ့သို့ ကြိုးပမ်းဖော်ဆောင်နေချိန်တွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကလည်း အခန်းကဏ္ဍတစ်ခုမှ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရသည်။ ။

နောင်တရား နောင်ပီကျေးရွာအလယ်တန်းကျောင်းခွဲဖွင့်

နောင်တရား ဇွန် ၁၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် နောင်တရားမြို့ နောင်ပီကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းမှ အခြေခံပညာ အလယ်တန်းကျောင်းခွဲ အဆင့်သို့ တိုးမြှင့် ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇွန်၆ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ပအိုဝ်းတိုင်းရင်းသား ခေါင်းဆောင် ဦးအောင်ခမ်းထီ၊ ရှမ်းပြည်နယ်လက်ထောက်ပညာရေးမှူး (စီမံ)ဦးတင်အောင်နှင့် ပင်လောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစံဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

(၃၆၉)

ဆံတော်ရှင်စူဠာမုနိစေတီ ဌာပနာပိတ်ပွဲကျင်းပမည်

ပဲခူး ဇူလိုင် ၄

ရှေးဘုရင်များအဆက်ဆက်တို့ ကမ္ဗောဇသာဒီနန်းတော်ကြီး အရှေ့ဘက်တွင် တည်ထားခဲ့သော ရှေးဟောင်းသမိုင်းဝင်မော်ဓောယ်(ခေါ်) ဆံတော်ရှင် စူဠာမုနိစေတီတော်သည် နှစ်ပေါင်းများစွာ ပြုပြင်နိုင်ခြင်းမရှိ၍ ကုသိုလ်ရှင်၊ ပါရမီရှင်အပေါင်းတို့က ကြခတ်ပိုင်းဆရာတော်ကြီး၏ ဩဝါဒကို ခံယူလျက် လစဉ်လကွယ်နေ့တိုင်း အလှူငွေပေးအပ်ပွဲများ ကျင်းပပြီး အသစ်ပြန်လည် တည်ဆောက်လျက်ရှိရာ ခေါင်းလောင်းတော်ကြီးအထိ ပြီးမြောက်၍ ဌာပနာ ပိတ်ပွဲကို ဇူလိုင် ၉ရက်(ဝါဆိုလပြည့်နေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဌာပနာနှင့် အလှူငွေများကို ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၂-၂၄၃၂၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် **မြန်မာ ရဟန်းတော်များ သာယာ ဖွံ့ဖြိုးရေး အဖွဲ့ ဗုဒ္ဓဂယာမြေ မြတ်မဟာတွင် အဖွဲ့ ပိုင်ကျောင်း တော် ကြီးဆောက် လုပ် ရန်အတွက် အလှူရှင် ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင် လမ်းမကြီး အမှတ်-၅၀၈(ဘီ) နေ ဒေါ်ရီရီဆွေ၊ သမီး ရီလေးသော် မိသားစုက အလှူငွေကျပ်ဆယ်သိန်းကို ဇွန်၂၀ရက်က ကျောင်းဆောက်လုပ်ရေးအမှုဆောင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်ရီ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။** (က-ပ)

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးသန့်ဇင်၊ ဦးစီးအရာရှိ ဦးတင်မောင်စိုးနှင့် ဝန်ထမ်းများ စည်ပင်သာယာရေးအဖွဲ့ ပိုင်ဈေးအတွင်း ရောင်းချသော ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာပါဝင်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲဆုရသူများဂုဏ်ပြု

မကွေး ဇူလိုင် ၁၀

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၈ နာရီက မကွေးတိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်း၊ မကွေးတိုင်းသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမျိုးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် ဆောင်းပါးဆုရရှိသူများအား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ဇော်သိန်းကလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုစာစီစာကုံး အထက်တန်းအဆင့်ဆုရရှိသူများအား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးဝင်းကြည်ကလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုစာစီစာကုံး အလယ်တန်းအဆင့်ဆုရရှိသူများအား တိုင်းသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးလှမျိုးကလည်းကောင်း ဆုချီးမြှင့်သည်။

မကွေးခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်က ၂၀၀၄-၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးများဖြင့်အောင်မြင်ခဲ့သည့် ထူးချွန်ကျောင်းသားကျောင်းသူ ၁၂ ဦးတို့အား အဖွဲ့ဝင်များက ဆုများချီးမြှင့်ကြသည်။ **(တိုင်းသမဝါယမအသင်း)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလဆန်း(၁၃)ရက်
၇-၇-၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓေဂ္ဂသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ကဏန်းလုပ်ငန်းရှင်များအသင်းအကြောင်း)
၁၁း၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်-လက်ဖက်ပင်)
၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ (လေလှိုင်းကြားက သံယောဇဉ်)

ညနေပိုင်း

၁၆း၁၀ ရာသီခါမီ တေးပန်းချီ
(၁) မိုး
(၂) မိုးပန်းပုလဲ
(၃) ချစ်သောမိုး
၁၆း၃၀ **၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်များ**
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) ဘဝအဖော်မွန်(ခေါင်းကြီး)
(၂) ကြိုးတန်းပေါ်မှာ (ဆောင်းပါးသရုပ်ဖော်)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ဝင်ငွေတိုးဖို့ ပိုကျွေးစို့)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ကိုယ်ခန္ဓာသန့်ရှင်းစေဖို့ စိတ်နှလုံးရွှင်လန်းစေဖို့-မောင်ဆုရှင်)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဂျင်မလေးဂျမ်း
(၂) မောင်မုန်းနေလဲရပါတယ်
(၃) သစ်ပင်အောက်မှာ သာတဲ့လ

ကျိုက်ထို၌ အရိပ်ရပျိုးပင်များ စုပေါင်းစိုက်ပျိုး

ကျိုက်ထို ဇွန် ၂၆

ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၁ ရက် နံနက် ၈ နာရီက ကော့ထင်းကျေးရွာ လမ်းဝဲယာတစ်လျှောက်တွင် အရိပ်ရပျိုးပင်များ စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်စိုးနှင့်ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကော့ထင်းကျေးရွာရှိ ပြည်သူများ တက်ရောက်၍ အရိပ်ရပျိုးပင်ပေါင်း တစ်ထောင်ကျော်ကို စုပေါင်းစိုက်ပျိုးကြသည်။ **(ဝဲပုံ)(မြို့နယ် ပြန်/ဆက်)**

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးမှူး(၂)ဦးစိုးပိုင် ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဇွန် ၂၂ရက်က ပြည်မြို့ ဆံတော်နယ်မြေရှိ ပန်းဘဲတန်း မူလတန်းကျောင်းနှင့် ဆင်စုနယ်မြေ ဆင်စုမူလတန်းကျောင်းတွင် ခြင်၊ ယင်၊ ပိုးမွှားများ ကင်းစင်စေရေးအတွက် ဆေးဖျန်းဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

မော်ဘီမြို့ ပေါ်တော်မူကျောင်း ဝါဆိုသင်္ကန်းကပ်လှူမည်

မှော်ဘီ ဇူလိုင် ၁

မှော်ဘီမြို့ အောင်သိဒ္ဓိနံ့သာတောင် ပေါ်တော်မူ(ရာသက်ပန်သက်သတ်လွတ်) ကျောင်းတိုက် ပဓာနနာယကဆရာတော် အမှူးထား၍ သံဃာတော် အရှင်မြတ်များအား ကာလဒါနဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ ခု ဝါဆိုလဆန်း ၁၄ ရက် စနေနေ့ (ဇူလိုင် ၈ ရက်) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်သာသနာပြုအဖွဲ့က ဦးဆောင်၍ စုပေါင်းကပ်လှူကြမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဖုန်း-၆၂၀၇၉၃၊ ၅၃၆၇၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တီးတိန်မြို့၌ ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းအတွင်း အမှိုက်များရှင်းလင်း

တီးတိန် ဇွန် ၂၅

တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီအတွင်း မြို့သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် လွယ်ဘွာလ်ရပ်ကွက် ပြည်သူ့ဆေးရုံအောက် ကျောက်စီနံရံတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ရေမြောင်းအတွင်း အမှိုက်များရှင်းလင်းခြင်းကို ဇွန် ၁၂ရက်က အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုး ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးမှုကို အမှုဆောင်အရာရှိက မြို့သာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများရှင်းလင်းတင်ပြသည်။ **(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကလေးဝမြို့နယ် ထွေ/အုပ်ဦးစီးဌာန ပညာသင်ထောက်ပံ့

ကလေးဝ ဇွန် ၂၁

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၀၆-၂၀၀၇ ခု ပညာသင်နှစ် ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက် မွန်းတည့် ၁၂နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းက အမှာစကားပြောကြားပြီး ဝန်ထမ်း ၅၅ ဦး၏ သားသမီး ၃၄ ဦးအတွက် ပညာသင် ထောက်ပံ့ကြေးငွေကျပ် ၁၀၉၅၀၀ ကို ထောက်ပံ့ပေးအပ်သည်။ **(၄၁၇)**

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမအထွေထွေမှု အမှတ်–၁၃၄
၂၀၀၆ ခုနှစ် တရားမအထွေထွေမှု အမှတ်–၁၅၀
၂၀၀၆ ခုနှစ် တရားမအထွေထွေမှု အမှတ်–၁၆၄

၁။ ဒေါ်တင်တင်စိန်(ခ)ဒေါ်စီရင်(ခ) ဒေါ်ဟလီမာဘီ	**နှင့်**	၁။ ဒေါ်ဥမ္မာအောင်(ခ)မီးမီး
		၂။ ဦးခင်မောင်စိုး
၂။ ဒေါ်နန္ဒာဝင်း		၃။ ဦးခင်မောင်ဝင်း
၁။ ဒေါ်စိန်ဝင်း		၄။ ကိုသက်နိုင်အေး
၂။ ဦးသိန်းတိုး		၅။ ကိုအောင်နိုင်အေး
ဦးနေလင်းအေးမောင်		၆။ မထက်ထက်အေး
(၎င်း၏ တရားဝင်ကိုယ်စားလှယ်		၇။ မောင်အောင်မင်းအေး
ဒေါ်သဇင်ကျော်ထွန်း)		၈။ မောင်ဝင်းထွဋ်အေး
		၉။ ဦးအောင်သန့်ဇင် (ခ) ပေါက်ပေါက်
လျှောက်ထားသူများ		**လျှောက်ထားခံရသူများ**

အထက်အမည်ပါ လျှောက်ထားခံရသူ အမှတ်စဉ်(၃) ဦးခင်မောင်ဝင်း အမှတ် ၁၀၇၊ ဘင်လိုင်ရပ်ကွက် ဂေါလမ်းထိပ် သထုံမြို့နယ် မွန်ပြည်နယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူများဖြစ်ကြသော ဒေါ်တင်တင်စိန်(ခ) ဒေါ်စီရင်(ခ) ဒေါ်ဟလီမာဘီ၊ ဒေါ်နန္ဒာဝင်း၊ ဒေါ်စိန်ဝင်း၊ ဦးသိန်းတိုးနှင့် ဦးနေလင်းအေးမောင်တို့က ဤရုံးသို့ တရားမကျင့်ထုံး ဥပဒေအမိန့်–၂၁၊ နည်း–၅၈အရ ဝရမ်းခွာပေးပါရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားလာသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၀၆ ခုနှစ် ဇူလိုင်လ ၂၁ ရက် (၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ ရက်)နေ့ မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ နေရတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်ပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၀၆ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးမောင်
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။

စရိတ်နည်းနည်း အမြန်လွှဲ အမြဲမှန်ကန် စီးပွားဘဏ်

မြန်မာ့စီးပွားရေးဘဏ်မှ–

- ငွေလွှဲလက်မှတ်ဖြင့် နိုင်ငံတစ်ဝန်းရှိ ဘဏ်ခွဲပေါင်း ၂၇၅ ဘဏ်နှင့် ဘဏ်ငွေတိုက်ခွဲ ၂၂ ခုသို့လည်းကောင်း၊
- ကြေးနန်းဖြင့် ဘဏ်ခွဲပေါင်း ၂၇၅ ဘဏ်သို့လည်းကောင်း၊
- ဖက်စ်ဖြင့် ရန်ကုန်ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)၊ ဘဏ်ခွဲ(၃)၊ ဘဏ်ခွဲ(၄)၊ ဘဏ်ခွဲ(၅)၊ ဘဏ်ခွဲ(၆)၊ ငွေစုဘဏ်ခွဲ(၁)၊ ငွေစုဘဏ်ခွဲ(၂)၊ ငွေစုဘဏ်ခွဲ (၃)၊ ငွေစုဘဏ်ခွဲ(၄)၊ ကြည့်မြင်တိုင်၊ အင်းစိန်၊ မြောက်ဥက္ကလာ၊ စက်မှုလက်မှုငွေချေးဌာန၊ ကမာရွတ်၊ တာမွေ၊ သန်လျင်၊ မန္တလေး ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)၊ ဘဏ်ခွဲ(၃)၊ မိတ္ထီလာ၊ ညောင်ဦး၊ မြင်းခြံ၊ မုံရွာ၊ ကျောက်ဆည်၊ ပျဉ်းမနား၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ ရွှေဘို၊ ကောလင်း၊ ကလေး၊ ကသာ၊ ပဲခူး၊ ပြည်၊ တောင်ငူ၊ သာယာဝတီ၊ မကွေး၊ ပခုက္ကူ၊ ချောက်၊ မင်းဘူး၊ မြစ်ကြီးနား၊ ဗန်းမော်၊ တောင်ကြီး၊ လားရှိုး၊ မူဆယ်၊ ကျိုင်းတုံ၊ ကျောက်မဲ၊ လွိုင်လင်၊ တာချီလိတ်၊ ကလော၊ ကော့သောင်း၊ မြိတ်၊ ထားဝယ်၊ မော်လမြိုင် မော်လမြိုင်ငွေစုဘဏ်၊ သထုံ၊ စစ်တွေ၊ တောင်ကုတ်၊ ပုသိမ်၊ မြောင်းမြ၊ ဖျာပုံ၊ ဟင်္သာတ၊ မအူပင်၊ လှိုင်ကော်၊ ဘားအံ၊ ဟားခါး၊ ဖလမ်း၊ လပွတ္တာ၊ ရပ်စောက်၊ ကျောက်ပန်းတောင်း၊ ပုလော၊ သဃ်န်းကျွန်း၊ မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူး၊ ဒဂုံ(တောင်)၊ မြန်အောင်၊ ကြံခင်း၊ ညောင်တုန်း၊ မိုးကောင်း၊ မိုးညှင်း၊ ရွှေကူ၊ တမူး၊ ကန့်ဘလူ၊ ချောင်းဦး၊ ဝန်းသို၊ မြင်းမူ၊ ဂန့်ဂေါ၊ သရက်၊ အောင်လံ၊ တောင်တွင်းကြီး၊ ဝမ်းတွင်း၊ ရမည်းသင်း၊ မိုးကုတ်၊ မြစ်သား၊ တောင်သာ၊ ညောင်ရွှေ၊ နမ့်စန် (တောင်)၊ မင်းလှ (သာယာဝတီ)၊ တီးတိန်၊ ရေနံချောင်း၊ မိုင်းဖြတ်၊ သီပေါ၊ မြောက်ဦး **M.I.C.B** (ရန်ကုန်/မန္တလေး)

စုစုပေါင်း ဘဏ်ခွဲ (၁၀၆) ဘဏ်သို့လည်းကောင်း မြန်ဆန်စွာ ငွေများ လွှဲပို့နိုင်ကြပါပြီ။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများအား ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်သည့်နေ့ရက်/အချိန်
(က)	Titanium Dioxide(Rutile)	30 MT	(၁၈–၇–၂၀၀၆)မွန်းတည့်၁၂း၀၀နာရီ
(ခ)	ဓာတုဗေဒကုန်ကြမ်းပစ္စည်း	(၃)မျိုး	(၁၈–၇–၂၀၀၆)မွန်းတည့်၁၂း၀၀နာရီ
(ဂ)	Cobalt Naphthenate	1 MT	(၁၈–၇–၂၀၀၆)မွန်းတည့်၁၂း၀၀နာရီ
(ဃ)	Duplex Paper(43"x 31")	55 MT	(၁၈–၇–၂၀၀၆)မွန်းတည့်၁၂း၀၀နာရီ
(င)	Lubricants	1 Lot (17 items)	(၁၈–၇–၂၀၀၆)မွန်းတည့်၁၂း၀၀နာရီ

၂။ သိရှိလိုသည့် အချက်များပါရှိပါက ရောင်းဝယ်ရေးဌာန ဖုန်း–၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

ယုဇနကုမ္ပဏီ၏ စက်ရုံနှင့်လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသော ဝန်ထမ်းများအလိုရှိသည်။

၁။ (Boiler)ကျွမ်းကျင်သူ
(A.G.T.I (Mechanical) (သို့)Boiler ကျွမ်းကျင်လက်မှတ်ရ) ကျား (၃)ဦး
၂။ (Machine Operator)
(ဘွဲ့ရ(သို့)၁၀ တန်းအောင်) ကျား(၁၀)ဦး
၃။ စာရင်းကိုင်
(B. Com (သို့)B. Com(C.P.A)) မ(၃)ဦး
(လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိ၍ ကွန်ပျူတာကျွမ်းကျင်ရမည်။)
၄။ စက်ရုံအကူလုပ်သား ကျား(၃၀)ဦး

အလုပ်လျှောက်ထားလိုသူများသည် (၁)ဘွဲ့လက်မှတ်မူရင်း၊ မိတ္တူ၊ (၂)ဓာတ်ပုံတစ်ပုံ၊ (၃)အလုပ်သမားမှတ်ပုံတင်၊ (၄) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ (၅) မှတ်ပုံတင်များနှင့်အတူ ယုဇနစင်တာ၊ အမှတ် ၁၃၀ တတိယထပ် ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇ သို့ ၁၂–၇–၂၀၀၆ ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

ဇွန် ၂၄ ရက်က တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာတွင် နတ်လမ်းတစ်ခန်းအတွက် အလှူငွေပေးအပ်ပွဲကျင်းပရာ ဗိုလ်မှူးစိန်လွင်လမ်း မင်းပိုင်းရပ်ကွက် အမှတ် (၅၉)နေ ဦးလှမြင့်–ဒေါ်တင်မိသားစုက နှစ်ဖက်မိဘများ အမှူးထား၍ ငွေကျပ်တစ်သိန်းကို တွဲဖက်အတွင်းရေးမှူး ဦးကျော်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (၃၈၀)

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

တောင်ကြီး ဇွန် ၂၇

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၈ နာရီခွဲက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာ မြို့သစ်တွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်က အမှာစကားပြောရာတွင် ခြံစည်းရိုးကြက်ဆူစေ့မှ ထုတ်လုပ်ရရှိသည့် လောင်စာဆီဖြင့်အသုံးပြုနိုင်ရန် ယခုလိုခြံစည်း ရိုးကြက်ဆူပင်များ စိုက်ပျိုးကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်နှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များသို့ ခြံစည်းရိုးကြက်ဆူပင်များ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်အတွင်းရေးမှူး၊ ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးပြီး ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ မှာကြားသည်။

တောင်ကြီးမြို့နယ်တွင် ၂၀၀၆–၂၀၀၇ ခုနှစ် ခြံစည်းရိုးကြက်ဆူ ဧက ၅၅၀၀ စိုက်ပျိုးရန်လျာထားရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ပျိုးပင်ပေါက်စိုက်ပျိုးမှု ၄၆၇ ဧက၊ အကိုင်းစိုက်ပျိုးမှု ၅၃၁၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အမှတ်(၉၈)ရပ်ကွက်တွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို ဇွန်၂၁ရက်ကကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှအောင်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀၀ကို စိုက်ပျိုးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မုဒုံမြို့နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အခွေဖြန့်ချိရေးနှင့် ပြသရေးလုပ်ငန်းများစစ်ဆေး

မုဒုံ ဇွန် ၃၀

မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မုဒုံမြို့နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဌေးဝင်း၊ မြို့နယ်ဗီဒီယို အခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ ဒေါ်ခင်မြင့်ဝင်း၊မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲအုပ် အောင်မြင့်တို့ ဦးဆောင်သော မြို့နယ်ဗီဒီယိုအဖွဲ့ခွဲ အမှုဆောင်များ ပါဝင်သောအဖွဲ့သည် မေ ၂၇ ရက်မှ ဇွန် ၂၅ ရက်အထိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာရှိဖြန့်ချိရေးလုပ်ငန်း၊အခွေငှားရမ်းခြင်းလုပ်ငန်း၊ ပြသခြင်းလုပ်ငန်း၊ ရိုက်ကူးရေးလုပ်ငန်းနှင့် ကာရာအိုကေဆိုင်များ လိုက်နာရမည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းရှိ၊ မရှိတို့ကို စစ်ဆေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြောင်းမြခရိုင် လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ဦးဆောင်၍ အငယ်တန်း အင်ဂျင်နီယာ (၂) ဦးမျိုးမင်းထိုက်နှင့် အငယ်တန်းအင်ဂျင်နီယာ (၃) ဦးတင့်ဝေတို့ ကြီးကြပ်သော အဖွဲ့ဝန်ထမ်းများနှင့် အမှတ်(၉)ရပ်ကွက် လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ဇွန် ၁၇ ရက်က အမှတ်(၉)ရပ်ကွက် (၈)လမ်း ရေမြောင်းတူးဖော် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ဟင်္သာတမြို့နယ်၌ အသိပညာပေးဟောပြော

ဟင်္သာတ ဇွန် ၁၇

ဟင်္သာတခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၏ ဦးဆောင်စည်းရုံးမှုဖြင့် ခရိုင်ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးစိုင်းလှ ဦးဆောင်သော အထူးကုဆရာဝန်များ၊ သမားတော်များ၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့သည် ဇွန် ၁၁ ရက် နံနက် ၈နာရီက ဟင်္သာတမြို့ တလုတ္တော်ကျေးရွာ တိုက်နယ်ဆေးရုံခန်းမတွင် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆေးကုသခြင်း လုပ်ငန်းတို့ကို တစ်နေ့တာဆောင်ရွက်ပေးကြသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ရာသို့ မြို့နယ်အတွင်းရေးမှူး ဦးလှဝင်းအောင်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါ်ခင်မေရီ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇင်မာအေးနှင့်အသင်းဝင်များ၊ တိုက်နယ်အတွင်းရှိ ကျေးရွာများမှ တာဝန်ရှိသူများနှင့် ဆေးကုသခံယူသူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ထို့နောက် ဆေးကုသည့်အဖွဲ့က လူနာပေါင်း ၁၃၂ ဦးတို့အား အခမဲ့ဆေးကုသပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြဝတီမြို့ အမှတ်(၁)ရပ်ကွက် စကားဝါလမ်းရှိ ရေမြောင်းကို ဇွန် ၅ ရက်က ရပ်ကွက်ပြည်သူများ စုပေါင်းရှင်းလင်းကြရာ အဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းရာသို့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမြင့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

6-7 (17).p65 1 1/8/32, 9:39 PM

မိမိအလိုကျ အစိုးရတင်မြှောက်လိုသော အင်အားကြီးနိုင်ငံအချို့ အကြောင်းအမျိုးမျိုးပြကာ စီးပွားရေးပိတ်ဆို့၊ အဖျက်အမှောင့်လုပ် ဆန့်ကျင်ဘက်အဖွဲ့အစည်းများကို အားပေးထောက်ပံ့ မြန်မာနိုင်ငံသားအမည်ခံပြယုဂ်ဖြင့် မမှန်သတင်းထုတ်ပြန်လှုံ့ဆော်

ရန်ကုန် ဇူလိုင် ၅

ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်အုန်းက အမှာစကားပြောကြားရာတွင် မိမိတို့၏ ကချင်ပြည်နယ်သည် အေးချမ်းသာယာပြီး လှပသည့်ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ကချင်ပြည်နယ်တွင် ဂျိမ်းဖော့၊ လော်ဝေါ်၊ လာချိဒ်၊ လီဆူး၊ ဇိုင်ဝါး၊ ရဝမ်စသည့် ကချင်ခြောက်မျိုးနှင့် တိုင်းလုံ၊ တိုင်းလိုင်၊ တိုင်းလေ၊ တိုင်းခမ်းတီး၊ တိုင်းဆာစသည့် ရှမ်းငါးမျိုးအပြင် ဗမာ၊ ရှမ်း၊ ချင်း၊ ရခိုင်၊ ကရင်၊ နာဂတိုင်းရင်းသားလူမျိုးစုများ ပေါင်းစည်းယှက်နွယ် အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြကြောင်း၊ တစ်အူထုံ့ဆင်း ညီအစ်ကိုအရင်း ***စာမျက်နှာ ၅ ကော်လံ ၁*** ■

နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေ ကျေးရွာများကို ဖျက်ဆီး၊ အဓမ္မပြောင်းရွှေ့ခြင်းလုပ်သည်ဆိုသည်မှာ မဟုတ်မမှန် လုပ်ကြံစွပ်စွဲချက်သာဖြစ်

ရှမ်းတိုင်းရင်းသား ဒေသခံများအပေါ် သတ်ဖြတ်မှုပြုလုပ်နေကြောင်း စွပ်စွဲချက်သည် လုပ်ဇာတ်ခင်းနေခြင်းဖြစ်

ရန်ကုန် ဇူလိုင် ၅

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ၂၀၀၆ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉နာရီတွင် တောင်ကြီးမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်**(အပေါ်ပုံ)**က အမှာစကားပြောကြားရာတွင် မိမိတို့ရှမ်းပြည်နယ်(တောင်ပိုင်း)၌ မျက်မြင်တွေ့နေရသည့် တိုးတက်ဖြစ်ထွန်းမှုများမှာ စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်မြောင်းတာတမံ၊ ရေနုတ်မြောင်း ၈၃ ခု၊ မြစ်ရေတင်လုပ်ငန်းနှစ်ခု ထပ်မံတိုးချဲ့တည်ဆောက်ပေးနိုင်ခြင်းဖြင့် စိုက်ပျိုးရေးအတွက် အကျိုးပြုဧရိယာဧက ၄၈၆၄၀ တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကုန်းမြင့်လယ်ယာမြေ ၃၃၆၁ ဒသမ ၁၈ ဧက တိုးတက်ဖော်ထုတ်နိုင်ခဲ့ပြီး စိုက်ပျိုးမြေဧရိယာ ၃၈၄၉၁၄ ဧက တိုးတက်လာသည်ကို တွေ့မြင်ရကြောင်း။

ငါးမျိုးထုတ်လုပ်ဖြန့်ဖြူးပေး

မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ၁၉၈၈ ခုနှစ်ကထက် များစွာတိုးတက်လာကြောင်း၊ ကြက်ကောင်ရေ ၃၂၈၀၅၉၈၊ ဝက်ကောင်ရေ ၁၉၇၄၉၄၊ နွားကောင်ရေ ၁၃၃၇၄၅ တိုးတက်မွေးမြူနိုင်ခဲ့ပြီး ငါးမွေးမြူရေးကန် ၁၆၈၇ ဒသမ ၄၂၄ ဧက တိုးတက်လာကာ ငါးသားပေါက်စခန်းများမှ ရန်ကုန်တိုင်း၊ မန္တလေးတိုင်းနှင့် ကယားပြည်နယ်သို့ ငါးမျိုးထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်၏ ကျက်သရေဆောင် အင်းလေးကန် မတိမ်ကောစေရေးနှင့် ***စာမျက်နှာ ၇ ကော်လံ ၁*** ●

နေပြည်တော် မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူနိုင်ရန် နိုင်ငံကြီးတချို့ကြိုးကိုင်မှုဖြင့် တင်သွင်းနေသည့် အစီရင်ခံစာများ တိုင်းရင်းသားများခံစားနေရသည့် ဖြစ်ရပ်မှန်မဟုတ် ဆက်သွယ်နေကြသူများသည် အကြမ်းဖက်သမား ပုံးဟောက်ခဲ့သူများကို ကြိုးကိုင်နေသူများဖြစ်

ရန်ကုန် ဇူလိုင် ၅

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈နာရီတွင် ပဲခူးမြို့ရှိ သီရိဥသာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သက်ငယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ကျောင်းသူလေးများက "မြန်မာအမျိုးသမီးများနေ့" သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က အမှာစကားပြောကြားရာတွင် ပဲခူးတိုင်းသည် လူဦးရေ ၃ ဒသမ ဝ၄ သန်းနေထိုင်လျက်ရှိကြောင်း၊ ကရင်၊ ဗမာ၊ မွန်၊ ရှမ်းနှင့် ပအိုဝ်းတိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ ပူးပေါင်းနေထိုင်ကြကြောင်း၊ ပဲခူးတိုင်းအတွင်း ခရိုင်နှစ်ခု၊ မြို့နယ် ၁၄ မြို့နယ်၌ အမျိုးသမီးဦးရေ ၁ ဒသမ ၅၀ သန်းရှိပြီး ယနေ့အထိ အမျိုးသမီးရေးရာအဖွဲ့ဝင် ၁၇၈၃၁၈ ဦးရှိကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ ✡